# သခင့်စကား

## The LORD's Word

ဝိညာဉ်ရေး ရာစာစောင်

ကာလအချိန် ရောက်လုနီးပြီဖြစ်၍ ဤအနာဂတ္တိ ကျမ်းစကားကို ကြည့်ရှုဖတ်ရွတ် နားထောင်၍ ရေးထားသမျှတို့ကို စောင့်ရှောက်သောသူတို့သည် မင်္ဂလာရှိကြ၏။ ဗျာဒိတ် ၁း၃

အမှတ်စဉ် (၉၂) ဧပြီလ ၂၀၀၉ ခုနှစ်

စမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည်)

### အခွံ – ၇ (မင်းအောင်သက်လွင်)

*ငါ့လက်ခုပ်နဲ့ ငါ့ငွေထုတ်ကို ဆုပ်ကိုင်ထားပေမဲ့ ဒီငွေတွေကို ထာဝစဉ် ငါ မပိုင်ဆိုင်နိုင်ခဲ့၊

❖ဈေးဖိုး၊ အကြွေးဖိုး အကြောင်းအမျိုးမျိုးပြပြီး ငါ့ငွေတွေ ငါ့လက်ထဲက ခုန်ထွက်သွားစမြဲ။

* ငါ့ရင်ခွင်မှာ ငါ့သားသမီးတွေ ခိုဝင်နေပေမဲ့ သူတို့တွေကို ထာဝစဉ် ငါ မပိုင်ဆိုင်နိုင်ခဲ့၊

❖ပညာရေး၊ စီးပွားရေး အကြောင်းအမျိုးမျိုးပြပြီး သူတို့တွေ ငါ့ရင်ကို စုံကန် ထွက်သွားစမြဲ။

* ငါ့လက်ရုံး ပေါ်မှာ ငါ့ချစ်သူ မှေးစက်အုံးနေပေမဲ့ သူ့ကို ထာဝစဉ် ငါ မပိုင်ဆိုင်နိုင်ခဲ့၊

❖ ဘာသာရေး၊ လူမှုရေး အကြောင်းအမျိုးမျိုးပြပြီး ငါ့လက်ရုံးကို သူစွန့်ခွာ သွားစမြဲ။

* ငါ့မြေ၊ ငါ့ကား၊ငါ့စီးပွားကို ငါချုပ်ကိုင်ထားပေမဲ့ အဲဒီဟာတွေကို ထာဝစဉ် ငါ မပိုင်ဆိုင်နိုင်ခဲ့၊

❖လူလိမ်၊ စီးပွားကပ်ဘေး၊ သဘာဝဘေးတွေကြောင့် ငါ့ဥစ္စာပစ္စည်းတွေ ငါ့ကို စွန့်ခွာသွားစမြဲ။

* မှတ်ပုံတင်နဲ့ ပါတ်စ်ပို့ ထဲမှာ"မစ္စတာ" ဘယ်သူဘယ်ဝါဆိုပြီး ငါ့နာမည် ရေးထိုးထား ပေမဲ့၊ အဲဒီနာမည်ကို ထာဝစဉ် ငါ မပိုင်ဆိုင်နိုင်ခဲ့၊



❖ ဖောက်ပြန် လာဘ်စား အကျင့်ပျက်မှုများက မိဘလက်နဲ့ ရေးခဲ့တဲ့ ငါ့ နာမည်ကို ငါ့ ခြေထောက်နဲ့ ငါကိုယ်တိုင် ဖျက်ခဲ့ရစမြဲ။

* ငါ့ ခန္ဓာကိုယ်ထဲမှာ အသည်း၊ နှလုံး၊ အစာအိမ်နဲ့ ကလီစာတွေ ရှိ နေခဲ့ပေမဲ့၊ အဲဒါတွေကို ထာဝစဉ် ငါ မပိုင်ဆိုင်နိုင်ခဲ့၊

❖ ကင်ဆာ၊ တီဘီ၊ အေအိုင်ဒီအက်စ်၊ ဆီးချို၊ မီးယပ် ဆိုတဲ့ ရောဂါပေါင်းစုံကြောင့် ငါ့ ခန္ဓာ အစိတ်အပိုင်းတွေကို ကုသ ခွဲစိတ် လှီးထုတ် ဖြတ်တောက် စွန့်ပစ်ခဲ့ရစမြဲ။

* ဘုရားက မြေမှုန့်ကနေ ဇီဝအသက် မှုတ်သွင်းခဲ့ပေမဲ့ ထာဝစဉ် ငါ မရှင်သန်နိုင်ခဲ့၊

❖ ဗီဇအပြစ်၊ ဒုစရိုက်အပြစ် တွေကြောင့် ငါ့ကိုယ်ခန္ဓာ အချိန်တန်ရင် မြေမှုန့်ဆီ ပြန် သွားရစမြဲ။

* နောက်ဆုံး လေ့လာသုံးသပ်ကြည့်လိုက်တော့ ငါ့ကိုယ်ပေါ်မှာ "ငါ" ဆိုတဲ့ အခွံပါးပါး လေး သာ ရှိတော့တာမို့၊ အဲဒီအခွံပါးပါးလေးသာ ပေါက်သွားခဲ့ရင်တော့ ငါလဲ လောက ထဲက ပျောက်သွားတော့ရမှာပေါ့။ (ဒေသနာကျမ်း ၅း၁၅–၁၆ ... အမိ ဝမ်းထဲက အလျှင်းမပါဘဲ ထွက်လာသကဲ့သို့ ထိုနည်းတူ ပြန်သွားရမည်။ ကြိုးစား အားထုတ်၍ ရသော ဥစ္စာ တစ်စုံတစ်ခု ကိုမျှ လက်နှင့် စွဲကိုင်လျက် ယူ၍ မသွားရ ... ...။)

---



### ရွှေပြည်တော် နိုင်ငံသား ဆိုးရှင်ယော် (L.K)

ရေထဲ ကူးခတ်ဖို့တွက် ဖန်ဆင်းခဲ့တဲ့ ငါး၊ ကုန်းပေါ်တက်ရင် ပျော်နိုင်မလား။

လေဟုန်ထက်က သိန်းငှက်တစ်ကောင် ၊ ပျံသန်းခွင့် မရရင် မပျော်နိုင်ပေါင်။

ထို့အတူ တို့လူသား ဤလောကမှာ (အပြည့်အဝ) မပျော်နိုင်အား။

တို့တွေကို ဖန်ဆင်းခဲ့တာ ကောင်းကင် ရွှေပြည်နိုင်ငံ အတွက်ပါ။

အဲဒီကို ရောက်ရှိဖို့ ခရစ်တော်ရှင်ကို လက်တွဲလို့ ကိုးစားရင်းနဲ့ တက်လှမ်းစို့။

---



### စစ်မှန်သောအစာရှောင်ခြင်း ခင်မာ (ပုသိမ်) ဟေရှာယ ၅၈း၁၀

ဒီမှာမိတ်ဆွေ လူအချင်းချင်း မလိုစိတ်ထား အမုန်းမထားဘဲ မုဒိတာများ ပွားများစေ၍ မုန်းတီးစိတ်ကို ချုပ်တည်းပါ။

ကိုယ့်အောက်နိမ့်သူ ကျေးကျွန်ငယ်သား လူများအား နိုင့်ထက်စီးနင်း မပြုစေဘဲ သူ၏ဝန်ကို တတ်နိုင်သမျှ ပေါ့စေပါ။ မွတ်သိပ်ခေါင်းပါး သူဆင်းရဲအား သူငါမနေး ကူညီပေး၍ သနားကြင်နာ များမေတ္တာဖြင့် ဆာလောင်သူအား ဝေမျှပါ။ ရေငတ်သူအား ရေ ပေးပါ။ နာကြင်သူအား ကုသပေးပါ။ထိုအရာ များကား ထာဝရဘုရား၏ နှစ်သက်သော အစာရှောင်ခြင်းတည်း။



---

### ဖေဖေ့မေတ္တာ

လူ့ဘဝရယ် မွေးကင်းကာစ အစူဝဲဘဝ၊ ဘုရားပို့ဆောင် ရောက်ရှိလို့လာ လောကကြီး ထဲ၊ ရှေ့ဆောင်လမ်းပြ လမ်းကောင်းရောက်ဖို့၊ ပြင်ဆင်ကာရယ် ဘုရားပေးတဲ့ ဖခင်ဆိုတဲ့ ကျေးဇူးရှင်နှင့် ချစ်ရပါသော မွေးသဖခင် ဆိုတဲ့၊ ဖခင်မေတ္တာ သီကုံးဖွဲ့လို့ ကမ္ဘာတစ်ဝှမ်း ဂုဏ်ပြုခဲ့တဲ့ ဖခင်နေ့ကို သမီးဘဝ၊ ငယ်စဉ်ခါမှ အရွယ်ရောက်လို့ ကြီးပြင်းသည့်တိုင် သွန်သင်ကာရယ် လမ်းပြခဲ့တဲ့ ဖေဖေ့ကျေးဇူး မေတ္တာကို အမှတ်တရ ရင်မှာ မှတ်လို့ ဂုဏ်ပြုပါရစေ။

ဖေဖေ့မေတ္တာ ငယ်စဉ် ဘဝ ဆန်းဒေး ရောက်တိုင်း ဘုရားမေတ္တာ သိရှိဖို့ရန် လက်တွဲကာပင် အဖေ ပို့ဆောင် ၊ အများသူငါ ဘုရားရှေ့မှောက် မကြောက်မရွံ့ ဘုရားဂုဏ်တော် ချီးမွမ်းတတ်ဖို့ ဂီတာကလေး တီးခတ်မှုဖြင့် လက်တွဲပို့ဆောင် ဖေဖေ့ မေတ္တာ။ တရားဒေသနာ ဟောပြောတော့လဲ မလှုပ်မရှား ဆော့ ကစားခြင်း မပြုလုပ် ဘဲ ငြိမ်သက်စွာဖြင့် တရားဒေသနာ ခံယူတတ်ရန်သွန်သင်ခဲ့တဲ့ ဖေဖေ့မေတ္တာ။ ရေတွင်းပျက်ကြီးနား သစ်ပင်အောက်တွင် နီးဖြာရင်း ပြောလေ့ရှိတဲ့ ဆုံးမစကား သွန်သင်မှုတွေ ကြားနာစဉ်က ကြားလေ့မြဲဟု စိတ်တွင်ထင်လာ ကြာလာတော့လဲ စိတ်တွင် ငြီးငွေ့ ၊ နောင်မှ သိတဲ့ အသိတွေနဲ့ ဆုံးမစကား တန်ဖိုးရှိကြောင်း ဘဝ ရောက်ခရီး လျှောက်ကာလှမ်းမှ သိခဲ့ရတဲ့ ဖေဖေ့စကား။

စားချိန်တန်တော့ ထမင်းရယ်ပူ၊ ဟင်းတွေပူနေတော့လဲ၊ မအေး အေးအောင် သူလေ မှုတ်လို့ အအေးခံပြီးပေးခဲ့တဲ့ ဖေဖေ့မေတ္တာ၊ ကြီးပြင်းတော့လဲ လောကပညာ တတ် မြောက်ဖို့ရန် သူလေ အားပေး၊ အတန်းပညာ ထူးချွန်ဆုများ ရပြန်တော့လည်း သူလေ ရင်ထဲ ဝမ်းသာပီတိ မြင့်မိုရ်တောင်မက အေးမြလှတဲ့ ချစ်မေတ္တာနှင့် ထာဝစဉ်ချစ်တဲ့ ဖခင်မေတ္တာ။ မထင်မှတ်တဲ့ ရာသီဆိုင်ကလုန်း မုန်တိုင်းတွေရယ်။ ဖြတ်ကာသန်းလို့ လပွတ္တာ လို့ အမည်ရတဲ့ အဖေ့ ဇာတိမြေ လွင့်ကြွေခဲ့ရ ။ သမီးရင်တွင်း မချင့်မရဲ ခံစား မှုမျိုး ကြုံတွေ့ခဲ့ရ ဘုရားပေးတဲ့ ငြိမ်သက်မှုနှင့် အလိုတော် ရယ် စိတ်တွင်ခံစား ဖြေသိမ့်ခဲ့ရ။

ကျောင်းတွေပိတ်တဲ့ အားလပ်ရက်တိုင်း ရောက်ဖြစ်ခဲ့တဲ့ အဖေ့ရွာမှာ ငါ့သမီးလေး ပျော်ရ လေအောင် လှေကလေးစီးကာ ရေလှိုင်းထက်ဝယ်၊ လှော်ကာခတ်လို့ ဆော့ ကစားခဲ့တဲ့ သဲသောင်ပြင်ရယ် ဆန်းဒေး ရောက်လို့ ရွာသူရွာသား မိတ်ဆွေများလဲ အတူတကွ ဂုဏ်တော် ချီးမွမ်းပါဝင်ခဲ့တဲ့ ဇာတိရပ်မြေ ခါးသီးမှုမျိုး ကြုံတွေ့ခဲ့ရ၊ ဖြေသိမ့် မှုများ ပေးတာကတော့ တွေ့ကြုံလေသမျှ ဘုရားအလိုတော် ထပ်တူထပ်မျှ ချစ်မြဲ ချစ်ကာ ထာဝရ မပြောင်းလဲ ချစ်မှာကတော့ လူသားတိုင်းရဲ့ ဖခင်ဖြစ်တဲ့ အနန္တတန်ခိုးရှင် ဘုရားသခင်။ ။ ဆောင်းရန့် (ဝင့်ရွှေစင်)

(ဝန်ခံချက်။ လွန်ခဲ့သော ဆယ်နှစ်က အဖဘုရားသခင်ရဲ့ ရင်ခွင်တော်သို့ ရောက်နှင့်ပြီးဖြစ်သော ဖခင်အတွက် အမှတ်တရ )

---

### ချစ်မိဘသို့ရင်ဖွင့်စာ SAMUEL SOE LWIN

၁။"ယေရှုအကြောင်းကို ပြောလို့က 'သွား'၊ နေလိုသပဆို နှုတ်ဆိတ်နေ"တဲ့ ဆိုလာ စကား အား ငဲ့ညှာလေမလားဟု သားမောင်ငယ် တောင်းဆိုလိုပေမဲ့ စကားလုံး အစီအစဉ်တွေ လည်တွင်းမှ ထွက်မလာချေဘူး။ အမေနဲ့ ဘုရားအကြား သား ဗျာပါပွားခဲ့ရပေမဲ့ ဖေမေ့ မျက်နှာမဲ့ နေသလို ယေရှုမျက်နှာ ငဲ့ရတဲ့သား။ ထွန်ကိုင်းကို ကိုင်ပြီးမှလေ နောက်လှည့်ခွင့်လည်း မရှိသူပေမို့ 'ဟုတ်ကဲ့ပါမေမေ' ဟု တိုးညှင်းစွာ မျက်ရည်ဖြင့် စကားဆိုရင်း စိတ်ခန္ဓာညွှန်းလောင်း သားယေရှု အသက်ရှင်ကြောင်းကို အမိရပ် ဌာနေ တစ်နေ့မှာ သိမှတ်စေဖို့ အရုပ အရောင်တွေဖျက် ရုပအရာတွေ စွန့်၍ သားလူမောင်ငယ်ဦး နှင်လေတော့ နားစွန်နားဖျားကြား လူထုရဲ့စကားက "ဒီကောင်တော့ အရူးပေါ့"တဲ့။

၂။"ပုထုဇနေသာဥမ္မသကော" 'လူမှန်လျှင် အရူးတွေ'လို့ ဆိုကြလေတော့ ရူးတာချင်း အတူတူ သားမောင်မှာ ဘုရားရူးတာ ရူးပါရစေတော့ ဆုတောင်းနေ့ရက်စဉ် မွေးမိခင် ကယ်တင်ခြင်း ရစေဖို့ ရောက်ရပ်မှလေ မြဲမသွေ စာတွေပို့လည်း တုန့်လှည့် စာမလာ ဒီလိုနဲ့ နှစ်တွေကြာတော့ "သားမောင်ရေ၊ မောင့်စာတွေ ဖတ်ရလေတိုင်း လောကီ အကြောင်း မပါ၊ လောကုတ္တရာ တရားတွေဖြင့် သားအသက်တာမှာ ထူးခြားမှုတွေ ဖြာနေတာက သား ပြောတဲ့ယေရှုဘုရား ဧကန်အသက်ရှင်ရုံမှ တပါး ဤကဲ့သို့ အမှုများ ကား ကြုံတွေ့ဖို့အခက်သား"တဲ့ လူကြုံ စကားမှ ကြားသိခွင့်ရ။

၃။မှန်လိုက်လေ ဖေနှင့်မေ "အူမ တောင့်မှ သီလ စောင့်နိုင်သတဲ့" ဆိုစကား တွေလည်း ကုန်စင်အောင် လွဲလေရဲ့၊ အူမ တောင့်မှ သီလ စောင့်နိုင်က သီလ စောင့်လည်း တဒင်္ဂသာ ဖြစ်မှာဘဲအမေ၊ တော်ခါကြာ အူမ ပျော့တော့ သီလလည်း လျော့မှာပေါ့နော်။ ယေရှုခရစ် မှာ သီလ စောင့်ရင် အူမ လျော့ခြင်းကင်းတဲ့ သားနေ့ရက်ကာလတွေကို လက်ချိုး ရေ တွက်လေက တစ်နှစ်ရဲ့သုံးခြောက်ငါးကို ကိုးနှစ်တာ ကာလနဲ့ မြှောက်ရင်တော့ ရက်ပေါင်း သုံးထောင်မက ကုန်ကျစရိတ်တွေ ရေတွက်ပြရရင်ဖြင့် အရာရာ တိုးတက်၊ ကုန်ဈေးနှုန်း တိုးတက်တဲ့ကာလမှာ စားသောက်ဖို့အရေး ငွေလိုသေးရဲ့ နေထိုင်ရန်လည်း ငွေကတော့ ဦးဆောင်မြဲလေ ဝတ်ဖို့ရန်လည်း လိုနေငွေပဲ ဒါတွေကို ဘယ်သူ လာကူမှာလဲအမေ။

၄။မစုံလင်တဲ့ကမ္ဘာမှာ လူဟာလေ လိုအပ်နေမြဲပေမဲ့ မရှိမဖြစ်တဲ့အရာတွေတော့ မြဲအစဉ် သားပိုင်ဆိုင် လျှက်ပါဘဲ၊ ချစ်တဲ့ဖေမေရေ သားအတွက်လေ စိတ်မပူလေနဲ့ အပ်ကြောင်း

ထပ် ဒီစကား သားမှာတမ်း ဆိုနိုင်ရကြောင်းက မြတ်ကတိ ပေးထား၊ သက်ရှင် ယေရှု ဘုရားမှ ပျက်ကွက်ခြင်း ကင်းစင် နေ့ညစဉ် ထောက်မ နေသည်မို့ ယေရှု အသက် ရှင်တဲ့ အကြောင်းကို အချိန်က မီးမောင်းထိုးပြတော့ ဖေနှင့်မေ သိမှတ်လာတာ သားမောင်မှာ ဝမ်းသာစွာဖြင့် ဖေမေရဲ့ စိတ်ဝိညာဉ်ခွန်အား ယေရှုထံ နှင်းအပ် ယုံကြည်လာစေဖို့ ဆုတောင်းမှုကို အတိုးချ ဖေမေချစ်တဲ့ သားမောင်လှ။ ॥ Samuel Soe Lwin

---

## ပန်းနှင့် ဥယျာဉ်မှူးအတွက်ဆုတောင်း (July)

“ညီမလေးက သိပ်လှတာပဲ”လို့ အပြောခံရတိုင်း “အို–ဘုရားသခင် ဖန်ဆင်းထားတဲ့ အရာအားလုံးက လှတာချည်းပဲ”လို့ သိပ်လှတဲ့ ညီမလေးက ပြန်ပြောနေကျပေါ့။ လှတဲ့ ပန်းကလေး စစ်မှန်တဲ့ ဥယျာဉ်မှူးရဲ့ လက်ထဲမှာ ထာဝရ ပွင့်လန်းနိုင်ပါစေလို့… ရင်ထဲက ဆုတောင်း သံလေးပေါ့။ ပန်းကလေး ဥယျာဉ်မှူး ရှာတဲ့အခါ အရမ်း သတိ ထားနော်။ မမ က ဥယျာဉ်မှူးကို သုံးမျိုးခွဲထားတယ် သိလား။

၁)ပန်းလေးတွေ ပွင့်ချင်ပွင့်၊ မပွင့်ချင်နေ ဆိုပြီး လစ်လျူရှုတတ်တဲ့ “ပျင်း ဥယျာဉ်မှူး”ရယ်။

၂)အထူးတလည် အင်တိုက်အားတိုက် ပြုစုစောင့်ရှောက်ပြီး လှပစွာ ပွင့်လာတဲ့ အချိန်မှာ ခူးယူပြီး ရောင်းစားတတ်တဲ့ “ကိုယ်ကျိုးရှာ ဥယျာဉ်မှူး”ရယ်။

၃)သူ့ရဲ့အချိန်တွေကို ဥယျာဉ်ထဲမှာပဲကုန်၊ မနားမနေ တကုပ်ကုပ်နဲ့ မလိုအပ်တဲ့ အရိုင်းတွေ ဖယ်ထုတ်၊ ပိုးမွှား အန္တရာယ်တွေ ရှင်းလင်းရင်း ပန်းလေးတွေ ပွင့်လန်းလာမယ့် နေ့ရက် တွေကို ကြည်နူးခြင်းတွေနဲ့ စောင့်စားနေတဲ့ “မေတ္တာရှင် ဥယျာဉ်မှူး”ရယ်ပေါ့။



လောကရဲ့ ပန်းကလေးများ ဖြစ်ကြတဲ့ ညီမလေးတို့ရေ အန္တရာယ် ကင်းရှင်းစွာနဲ့ အလှပဆုံး ဝေဆာပွင့်လန်းပြီး လောကကို အလှဆင်နိုင်ဖို့ စစ်မှန်တဲ့ ဥယျာဉ်မှူး ရှာဖွေ ကြရအောင်လား။ ချစ်ရတဲ့ ကိုကို၊ မောင်မောင် လေးများတို့ကလည်း ပိုင်ဆိုင်ရမယ့် မျိုးစေ့ လေးအတွက်၊ ပိုင်ဆိုင်ထားပြီးဆိုရင်လည်း လက်ဝယ်ရှိတဲ့ မျိုးစေ့လေး အတွက် သစ္စာ မြေကြီးထဲမှာ စိုက်လို့ မေတ္တာရေတွေ အဆက်မပြတ် သွန်းလောင်းရင်း ပွင့်လန်း လာမယ့် ပန်းလေးအတွက် ရင်ခုန်ခြင်း၊ ကြည်နူးခြင်း ပီတိတွေနဲ့ စောင့်နေတဲ့ ဥယျာဉ် မှူးရဲ့ ဘဝကို ရယူကြပါစို့လား။ ဒီလောကရဲ့ အလုံးစုံသော ပန်းကလေးများ ဖြစ်ကြတဲ့ လူသား အပေါင်းတို့ရေ၊ တို့တွေရဲ့ အရေးကြီးဆုံးသော အသက်ဝိညာဉ် ပန်းကလေး ညှိုးနွမ်း ခြောက်သွေ့ ခြင်းတွေ ကင်းပြီး၊ ကောင်းကင်နိုင်ငံတော် ဥယျာဉ်ခြံကြီးထဲမှာ ထာဝရ ပွင့်လန်း နေရအောင် အဲဒီ ခြံပိုင်ရှင် ဥယျာဉ်မှူးကြီးဖြစ် တဲ့ သစ္စာ၊ မေတ္တာ၊ ကရုဏာရှင်ကြီးကို ပြုစုစောင့်ရှောက်ခွင့် ပေးကြရအောင်နော်။ ပန်းလေးတွေ အစဉ် ထာဝရ ပွင့်လန်းနိုင်ပါစေ။ ဥယျာဉ်မှူးကြီးလည်း ကြည်နူးပီတိ အစဉ်ဝေဖြာနိုင်ပါစေ။

ပန်းနှင့် ဥယျာဉ်မှူးရဲ့ စစ်မှန်တဲ့ ဘဝကို မြတ်နိုးသူ … ॥ (July)

---

## ချစ်သူပေးသောကျမ်းလက်ဆောင် *(ဆူး ရင့်စိမ်း=ခေတ္တကမ္ဘာမြေ)*

ခုနှစ် တစ်နှစ်ရဲ့ ခရစ္စမတ်ရောက်ပြီးတော့ သိပ်မကြာပါ နှစ်သစ်ကိုရောက်၊ နောက် တစ်လ ရောက်ပြီးဆိုရင် “ချစ်သူများနေ့”လို့ ကမ္ဘာ့အသိအမှတ်ပြု “လ” ရောက်လာ ပြန်ပါတော့တယ်။ ဒီနှစ်မှာတော့ အပျိုဟိုင်းကြီးရယ်လို့ အများသိထားတဲ့ စာရေးသူ ကျွန်မ suprise လုပ်တယ်လို့တော့ မထင်လိုက်ပါနဲ့၊ ရှားရှားပါးပါး ချစ်သူတစ်ယောက် ဘုရားပေးတယ်ပဲ ဆိုဆို၊ ဆုတောင်းလို့ ရတယ်ပဲ ပြောပြော၊ သူ့အကြောင်း တစေ့ တစောင်းကိုတော့ စာဖတ်သူများသိအောင် ရေးသားတင်ပြရင်း မိတ်ဆက်ပေးပါရစေ ရှင်။ စရိုက်ချင်းမတူ အသွင်ချင်းမတူတဲ့ ကျွန်မကိုမှ သူ စိတ်ဝင်စားပြီး မြတ်နိုးပါသတဲ့။ “ဟိုလို မိန်းမမျိုး ပေးပါ၊ ဒီလို မိန်းမမျိုး ပေးပါ ဘုရား”လို့ သူတစ်ခါမှ ဆုမတောင်းခဲ့ဖူး ပါဘူး။ သူ့ရင်ထဲမှာ အမှန်လိုချင်တဲ့ ချစ်သူကတော့ သူ့ဘဝအတွက် အကောင်းဆုံး လက်တွဲဖော်ပဲ ဖြစ်ပါတယ်။ ဆန်ကာ တင်ပြီး ကျွန်မကို ရွေးချယ်ခဲ့တယ်လို့ ပြောလို့မရ ပေမယ့် သူ့ဘဝအတွက် အဓိပ္ပာယ်ပြည့်စုံတယ်လို့ ခံစားရပြီး ဘုရားပေးတဲ့သူအဖြစ် ယုံကြည်ခဲ့ပါတယ်။ အဲဒီတော့ အချစ်ခြင်းရယ်ပြိုင် ဘယ်သူနိုင်မလဲလို့ ချစ်သူရှိတဲ့ လူတိုင်းကို ကျွန်မက စိန်ခေါ်ရဲလောက်အောင် သူ့ရဲ့အချစ်ထူးပုံကိုလည်း ရေးပြပါဦး မယ်။

အသံစာစာ ခပ်စွာစွာနေတတ်တဲ့ ကျွန်မရဲ့ စရိုက်ဟာ သူနဲ့ ဆန့်ကျင်ဘက် ဖြစ်ပေမယ့် “ပြင်ပါ”လို့ သူတစ်ခါမှ မပြောခဲ့ဖူးပါဘူး။ ပြောမရ ဆိုမရသူ အဖြစ်နဲ့ ကျွန်မ ကိုများ မြင် မလားတော့မသိ just the way you are လို့သာ သူ့နှုတ်က ပြောရင်း သူ့အချစ်ကို ဒီလိုသက်သေထူ ပြောခဲ့ဖူး ပါတယ်။ စကားများများ ပြောတော့ မပျင်းရဘူးပေါ့၊ စကားတတ်တာ သာလိကာ မလေးလိုပဲ နားထောင်လို့ ကောင်း လိုက်တာ၊ လက်ထပ်ပြီးလို့ အတူနေရရင် နားကြပ်တပ်ထားရမှာ ကျိန်းသေတာမို့ အခု ကတည်းက ဘယ် နားကြပ်ဆိုင် အကောင်းဆုံးလည်းလို့ လေ့လာစုံစမ်းပြီး နားကြပ် အော်ဒါ မှာထားရမယ်တဲ့လေ။ အပူမရှိ အပူရှာ ကြံကြံဖန်ဖန် တွေးတတ်တဲ့ ကျွန်မကို ဖျောင်းဖျ စကားလေးများ မပြောတဲ့အပြင် သူဒီလိုနားလည် ပေးပြန်ပါတယ်။ အဲဒီလို ပူတတ်တာလည်း တစ်မျိုးကောင်းပါတယ်၊ အမြဲတမ်း အေးနေရင် အလုပ်မလုပ်ချင်ပဲ ပျင်းလို့ သူများမြင်လိမ့်မယ်။ ပေါ့ပေါ့လေး နေတတ်သူလို့လည်း ထင်ကြမှာ။ ဦ္ဓပန် တတ်တော့လည်း ဘဝကို လေးလေးနက်နက် စဉ်းစားတတ်သူရယ်လို့ သတ်မှတ်ရမှာ ပေါ့တဲ့။ နေရာတကာ တီကောင်ဆားပက်သလို ပါဝင်ရောယှက် တတ်တဲ့ ကျွန်မကို ကြည့်ပြီး သက်ပြင်းတစ်ချက် သူ ချလိုက်ပါတယ်။ သူ့ရဲ့ သက်ပြင်းချပုံကို ကျွန်မ လှမ်းမြင်လို့ ရန်တွေ့မယ် ကြံတုန်း သူကဒီလို ပြောပါတယ်။ ဟိုစပ်စပ် ဒီစပ်စပ် ကိုယ်နဲ့ မဆိုင်လည်း ပါတတ်တော့ “ကူညီတတ်သူ”လို့ ပြောရမှာပေါ့၊ ဦးနှောက်လည်း အမြဲ အလုပ် လုပ်တော့ မထိုင်းတော့ဘူး၊ အိမ်အတွက်လည်း လုံခြုံတယ်၊ တစ်ခုခုဖြစ်ရင် ဖြေရှင်း ပေးမယ့်သူ အဆင်သင့်ရှိပြီးသား၊ ရပ်ကွက်ထဲပြဿနာ ပေါ်လာရင်လည်း ရပ်ကွက် လူကြီး သက်သာတာပေါ့နော်တဲ့။

အဲဒါကတော့ ကျွန်မ ချစ်သူ အချစ်ထူးသူရဲ့ မာန် မပါပဲ နူးညံ့တဲ့ မေတ္တာ သက်သေ စကားတွေပဲ ဖြစ်ပါတယ်။ မေတ္တာသည် စိတ်ရှည် သည်းခံပြီး အရာရာကို အကောင်းမြင်ဝါဒနဲ့ ကြည့်မြင်ပေးတတ်ပါလားလို့ ကျွန်မ ရင်ထဲမှတ်ချက်ချမိပါတယ်။ ဤကဲ့သို့သော ချစ်သူ ရထားခြင်းဟာလည်း ဘုရားပေးသောဆုလို့ ယုံကြည်မိပါ တယ်။ ဟောဒီချစ်သူများနေ့ ဟာလည်း ကျွန်မအတွက် ရင်ခုန်စရာ အကောင်းဆုံး အထိမ်းအမှတ်နေ့လို့ ဆိုရပါလိမ့်မယ်။ ချစ်သူက ကြိုတင်ပြီး ပေးပို့ လိုက်တဲ့ ချစ် လက်ဆောင် ကျမ်းပိုဒ်လေး နှစ်ခုအတွက် ကျွန်မ ဝမ်းသာ လို့ မဆုံးပါ။ ချစ်သူများနေ့ ရောက်မှ ဖွင့်၍ဖတ်ပါလို့ တောင်းပန် ထားတာကြောင့် အောင့်ကာအီးကာ နေရင်း သမ္မာကျမ်းစာ ဖတ်ကြား ခြင်း၌ မွေ့လျော်သူပါလားလို့ ရင်ထဲ အသိ အမှတ်ပြုရင်း သူ့ကိုပို၍ လေးစားချစ်ခင် လာပါတယ်။ မကြာ ခဏလည်း ကျွန်မတို့ နှစ်ဦး အပြန် အလှန် ဆုတောင်းပေးတတ်တာမို့ သူပေး လိုက်တဲ့ကျမ်းချက်လေးဟာ ကျွန်မ အတွက် အဖိုးတန်ဆုံးလက်ဆောင် ဖြစ်မှာ ကျိန်းသေပါတယ်။ ကျမ်းပိုဒ်နှစ်ခုကို ကြည့်ရင်း စာဖတ် သူများကိုပါ ဝေငှရအောင်နဲ့ ချစ်သူများနေ့ အချိန်မှီပေး ပို့ချင် တာကြောင့် ကျွန်မ မနေနိုင်ပါ ဖွင့်၍ ဖတ်ပါတော့မည်။ ကျွန်မနှင့်အတူ စာဖတ်သူများ လည်း ဖတ်ကြရအောင်နော်။ (အထူးသဖြင့် အမျိုး သမီးများ)။ သူပေးလိုက်တဲ့ ကျမ်းပိုဒ် လေးက တော့ သုတ္တံ ၂၁း၉၊ သုတ္တံ ၂၇း၁၅။

ကဲ–ချစ်သော စာဖတ်သူတို့ရေ၊ ချစ်သူပေးတဲ့ ကျမ်းလက်ဆောင်ကို ကျွန်မ ဖတ်ပြီး သွားပါပြီ။ ကျွန်မချစ်သူဟာ ရှောလမုန်မင်းကြီးလို ချစ်သူ မများတာကြောင့် မိန်းမ အကြောင်း ကောင်းကောင်းမသိပေမယ့် မင်းကြီးရေးတဲ့ သုတ္တံကျမ်းကိုတော့ တော်တော် လေ့လာထားပုံရပါတယ်။ အဲဒါကြောင့် hand phone ကိုကိုင် သူ့နံပါတ်ကိုနှိပ်ပြီး သူ့ကို ဘယ်လိုဘယ်ပုံ တုံ့ပြန်ပြောဆိုမလဲ ဆိုတာကိုတော့ စာဖတ်သူများ တွေးပြီး မြင်ယောင်ဆင်ခြင် ဆုံးဖြတ်ဝေဖန်ကြပါတော့လား။ ॥ *ဆူး ရင့်စိမ်း*

---

## အကျင့် ( Tha Lay )

★ရှင်ယောဟန် ၅း၂၉–ကောင်းသောအကျင့်ကို ကျင့်သောသူတို့သည် အသက်ရှင်ရာ ထမြောက် ခြင်းသို့ ၄င်း။

★ရှင်ယောဟန် ၆း၂၉–ဘုရားသခင် စေလွှတ်တော်မူသော သူကို ယုံကြည်ခြင်း အကျင့်ကား အလိုတော်နှင့် ညီသော အကျင့်တည်း။

★ရှင်ယောဟန်၃း၂၀–ဆိုးယုတ်သော အကျင့်ကို ကျင့်သောသူအပေါင်းတို့သည် အလင်းကို မြင်ပြင်း၍ မိမိတို့အကျင့်၌ အပြစ်ပါသည်ကို မထင်ရှားစေခြင်းငှာ အလင်း သို့ မချဉ်းကပ်ကြ။

★ယေဇကျေလ၇း၄–ငါသည် နှမြောစုံမက်ခြင်းမရှိဘဲ သင့်အကျင့်တို့၏ အကျိုးအ ပြစ်ကို ဆပ်ပေးမည်။

★ရှင်ယာကုပ်၂း၂၆–ဝိညာဉ်နှင့်ကင်းသော ကိုယ်သည် အသေဖြစ်သကဲ့သို့ အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် အသေ ဖြစ်၏။

★သုတ္တံ၂၁း၂–လူတို့သည် မိမိတို့ ကျင့်သမျှသော အကျင့်တို့ကို နှစ်သက်တတ်၏။ ထာဝရ ဘုရားမူကား စိတ်နှလုံးတို့ကို ချိန်တော်မူ၏။

ချစ်သော ညီအစ်ကို မောင်နှမတို့ ဒီနေ့ ကျွန်မတို့ အသက်ရှင်စဉ်တွင် ကျင့်ကြံပြုမူ နေထိုင်သွားလာခြင်းသည် ဘုရားသခင် အလိုတော်နှင့် ညီသော ကျင့်စဉ် အတိုင်း လိုက်ရှောက်အသက်ရှင်ပြီး အမှောင်ထဲမှ အလင်းထဲသို့ တိုးဝင်၍ လည်း ကောင်း၊ အကျင့်နှင့်ကင်းသော ယုံကြည်ခြင်း မဖြစ်စေပဲ ဖြောင့်မတ်၍ အလိုတော်နှင့် ညီသော အကျင့်အတိုင်း ကျင့်ဆောင်နေထိုင် သွားလာကြပါစို့။

## အလုပ် Mary (ဖျာပုံ)

ယနေ့ ကျွန်မတို့ အသက်ရှင်သည့်အခါမှာ နေ့စဉ်နှင့်အမျှ အလုပ်ပေါင်းမြောက်များစွာ လုပ်နေကြရသည်။ ကျွန်မတို့ ယုံကြည်သူများသည် အလုပ်အတွက် အာရုံပြုရာတွင် မိမိကိုယ်ကျိုးစီးပွားအတွက်သာမကပဲ ရှိတဲ့နေရာမှာ ဘုရားသခင်နဲ့ လူသားများအတွက် အစေခံဝန်ထမ်းလိုစိတ်ရှိဖို့ လိုအပ်ကြောင်း ဆင်ခြင်သင့်ပါတယ်။

၁။ အလုပ် – မိတ်ဆွေလား၊ ရန်သူလား။ အလုပ်ဆိုတာ ဖြစ်နိုင်ရင် ရှောင်ရှားရမယ့် အရာလား။

– မိမိအလုပ်ရှင် မရှိစဉ်မှာ တစ်မနက်လုံး ပျင်းရိငြီးငွေ့စွာ အချိန်ဖြုန်းပစ် နေခဲ့ပါသလား။

– ရှင်ပေါလုက အလုပ်၏ ပျင်းရိခြင်းအကြောင်းကို (၂သက် ၃း၆–၁၂)တွင် ဖော်ပြထားတာကို တွေ့ရပါတယ်။

– အလုပ်သည် ရန်သူ မဟုတ်ပါ၊ အလွန်ကောင်းသောမိတ်ဆွေ ဖြစ်ပြီး အလုပ်လုပ်စရာ မရှိသူတို့၏ အသိဗဟုသုတနှင့် ခွန်အားသည် ပျင်းရိခြင်း၌ သံချေးတက်လျက် ရှိနေပါသည်။

၂။ အလုပ် – နည်းလမ်းလား၊ နောက်ဆုံးရလဒ်လား။

– ပေတရုက ယေရှုကို "သခင် ကျွန်ုပ်တို့သည် ရှိသမျှကိုစွန့်ပြီး နောက်တော်သို့ လိုက်ကြပါ၏။ ကျွန်ုပ်တို့ ဘာပြန်ရမည်နည်းဟု"မေးခဲ့ပါသည်။ (မဿဲ ၂၀း၂–၁၃)တွင်လည်း လုပ်ခ များများပေးလျှင် အလုပ်လုပ်မည် ဟူသော သဘောတရားကို တွေ့ရပါသည်။ သူတို့သည် အလုပ်ကို စားဝတ်နေရေးအတွက် ပိုက်ဆံရရန် နည်းလမ်းတစ်ရပ်အဖြစ် သတ်မှတ်နေကြတယ်ဆိုတာ တွေ့ရပါတယ်။

– အလုပ်အတွက် အဖိုးအခကို မျှော်လင့်ကြသော်လည်း အလုပ်ကိုယ်၌က တန်ဖိုးရှိပြီးသား ဖြစ်တယ်။ (မဿဲ ၂၀) တွင်နောက်ကျသူများ၏ ခံယူချက် မှာ ပေးချင်သလောက်ပေးပါ၊ ဒါပေမယ့် အလုပ်တစ်ခုတော့ပေးပါ ဟူ၍ တွေ့ရပြန်ပါတယ်။ အများအကျိုးအတွက် လုပ်ဆောင်သူများသည် အလုပ်ကို ဘဝ၏ အဓိက ကဏ္ဍ အဖြစ် သတ်မှတ်ထားကြပါ တယ်။

၃။ အလုပ်ဟူသမျှ ဂုဏ်ရှိစွ ဆိုတာ ဟုတ်ပါသလား။

– အချို့အလုပ်များကို ရှောင်ကျဉ်သင့်ပါသည်။ ဥပမာ–မသမ္မာသောစီးပွား၊ တရားဥပဒေ အပြင်ဘက်ကအလုပ်၊ မူးယစ်ဆေးဝါးနှင့် လောင်းကစားလုပ်ငန်း စသည်တို့ဖြစ်ပါသည်။

– လုပ်ခ နည်းပြီး အလုပ်ရှင်က ခေါင်းပုံဖြတ်သည်ဟု ခံစားမိပါက (ကောလောသဲ ၃း၂၃ –၂၄) ကို ဆောင်ပုဒ်အဖြစ် ထားရှိသင့်ပါသည်။

လူ၏အမှုကို ဆောင်ရွက်သကဲ့သို့ မဟုတ်၊ ဘုရားသခင်၏ အမှုတော်ကို ဆောင်ရွက်သကဲ့သို့ စေတနာစိတ်နှင့်၊ ပြုသည့်အခါမှာ ဘုရားရှင်ရဲ့ အလုပ်ကို လုပ်တာနဲ့ အတူတူပဲဆိုတာ အနည်းငယ်ဝေငှလိုက်ပါတယ်။ အထက်ပါ သိရှိရသော နှုတ်ကပါတ်တော်အားဖြင့် ညီအစ်ကိုမောင်နှမများ၏ ထမ်းဆောင်နေရသော "အလုပ်" အပေါ် ဘုရားရှင် ကောင်းကြီး ပေးပါစေ။ ။ **Mary (ဖျာပုံ)**

---

## သက်သေခံချက် သဲမေဦး

ကျွန်မ ရင်ထဲမှာ မွန်းကြပ်ပိတ်လှောင် ဆွေးမြေ့ကြေကွဲစွာ ခံစားနေရတာက တော့ ကြားရတဲ့သတင်းတစ်ခု အတွက်ကြောင့်ပါ။ နိုဝင်ဘာလရဲ့ ပထမပိုင်းရက်များမှာပဲ ကျွန်မလို စင်္ကာပူ ရောက်နေတဲ့ ညီမလေးတစ်ယောက်က "မဦး၊ ဆရာဘို ဆုံးသွားပြီ"တဲ့။ ကျွန်မ နားကို မယုံနိုင်လောက်အောင် ခံစားလိုက်ရတယ်။ ရင်ထဲမှာ နှမြောတသခြင်း ကြီးစွာ ခံစားလိုက်ရတယ်။ ဘာကြောင့် ဆရာဆုံးတာလဲလို့ မေးကြည့်လိုက်တော့ ငှက်ဖျားပိုး ဦးနှောက်ထဲ ဝင်သွားတာတဲ့။ ဖြစ်ရလေ ဆရာရယ် ကျွန်မ ရင်ထဲမှာ တင်းကြပ်ကာ ဘယ်လိုမှ တားဆီးလို့မရတဲ့ မျက်ရည်တွေ ပေါက်ပေါက်ကျပြီး ဘာမှ ပြန်မပြောချင်လောက်အောင်ပါပဲ။ ငါထင်ပါတယ်၊ သူငှက်ဖျား စွဲတော့မယ်ဆိုတာ။ ငှက်ဖျားတော၊ ပဲခူးရိုးမ ကျောပေါ်တက်ပြီး ခြံစိုက်၊ ဧဝံဂေလိ လုပ်နေကတည်းက ငါလေသူ့ကို အရမ်းနှမြောတယ်သိလား။ ဒီနေ့ဒီအချိန်မှာ သူ့လို လူငယ်တွေ တို့တွေအတွက် အရမ်း လိုအပ်တယ်။ အနာဂတ် မျိုးဆက်သစ်တွေ အတွက်လည်း မရှိမဖြစ် လိုအပ်နေတယ်လေ။ သူဟာ ဘုရားကိုချစ်တဲ့သားတစ်ယောက် ဖြစ်သလို နိုင်ငံနဲ့ လူမျိုးကိုသိပ်ချစ်ပြီး လူတစ်ယောက်စီတိုင်းကို ခရစ်တော်၏ မေတ္တာ၌ တကယ်ပဲ ချစ်ခင်ရင်းနှီး ကျွမ်းဝင်နိုင်စွမ်း ရှိတဲ့ သူတစ်ယောက်ပါ။ လူကြီး၊ လူငယ်၊ ကျား၊မ မရွေး သူနဲ့တွေ့ဆုံတဲ့ သူတိုင်းကလည်း သူ့ကို ရင်းနှီးချစ်ခင်ကြတယ်။ သူဟာ အမျိုးသားချင်း မနာလိုလောက်အောင် ယောကျ်ားပီသစွာ ချောမော ခန့်ညား သူ တစ်ဦးလည်းဖြစ်ပါတယ်။ သူဟာ အင်္ဂလိပ် ကျမ်းစာကျောင်းဆင်း တစ်ဦးလည်း ဖြစ်ပါတယ်။ ကျွန်မ စင်္ကာပူ မလာခင်တုန်းက ကျွန်မကို အင်္ဂလိပ်စကားပြော သင်ပေးခဲ့တဲ့ ကျွန်မရဲ့ ဆရာပါ။ ကျွန်မနဲ့ သူနဲ့ ရင်းနှီးခင်မင်မှု ရှိပါ တယ်။

သူက အမှုတော်ဆောင် ပီသစွာ မချမ်းသာပါဘူး။ သူနဲ့ ကျွန်မ တွေ့ရာ
လေးပါး စကားပြောကြရင်းနဲ့ သူက ကျွန်မကိုပြောပါတယ်၊ "မဦး၊ အဘကြီး တစ်
ယောက်က ကျွန်တော့် လက္ခဏာ ကြည့်ပြီးတော့ ငါ့တူ မင်းကတော့ အသက်(၄၀)
ကျော်တာနဲ့ ချမ်းသာမှာပဲ" တဲ့၊ "သူဌေးဖြစ်မှာပဲ"တဲ့ လို့ပြောပြီး ရယ်နေပါတယ်။
ကျွန်မက သူ့ကိုကြည့်ပြီး သီချင်းတစ်ပုဒ်ကို ဆိုပြလိုက်တယ်။ "နိုင်ငံတော်နှင့် ဖြောင့်
မတ်ခြင်းကို ရှေးဦးစွာရှာကြလော့၊ သင်လိုသမျှ လောကစည်းစိမ် နောက်မှ ကိုယ်တော်
ပေးမည်" လို့ခပ်တည်တည်နဲ့ ဆိုပြပြီးတော့ သူက ကျွန်မကို ကြည့်ပြီး "နောက်မှ"
ဆိုတာ 'သေပြီးမှ' ပေးမယ်လို့ပြောတာတဲ့။ ကျွန်မ ချက်ခြင်းပဲ သူပြောခဲ့တဲ့ စကား
လေးကို သတိရလိုက်မိတယ်။ သူ သေဆုံးချိန်က သူ့အသက် (၄၀)ရှိပြီ။ ဟုတ်တယ်၊
သူအခု ကောင်းကင်ဘုံမှာ ချမ်းသာပျော်ရွှင်နေပြီ၊ ခရစ်တော်ရဲ့ရင်ခွင်မှာ ငြိမ်းချမ်း
သာယာနေပြီ။ ကျန်ခဲ့တဲ့ ကျွန်မတို့ တတွေမှာပဲ လွမ်းဆွေးနေကြရတာ၊ ရင်နဲ့
မမျှအောင် ဝမ်းနည်းကြေကွဲနေရတယ်။ ဒါပေမယ့် ကျွန်မ သတိရလိုက်တယ်၊ အခု
သူက ကောင်းကင်ဘုံ မှာလေ။ ကျွန်မတို့လည်း သူ့လိုပဲ ခန္ဓာဝိညာဉ် ကြွေသွားလို့
သေသွားခဲ့ရင် ယုံကြည်သူတွေဖြစ်လို့ သူရှိတဲ့ကောင်းကင်ဘုံကို သွားကြမှာပဲ
မဟုတ်လား။ အဲဒီအခါကျရင် သူကကျွန်မတို့ကို ကောင်းကင်ဘုံကနေ ဆီးကြို
နေမယ်ဆိုတာကို ကျွန်မယုံကြည်ထားလို့ ခုဆိုကျွန်မ ဝမ်းမနည်း တော့ဘူး။ မငိုတော့
ဘူး။ ကျွန်မ သိပ်ပျော်နေပြီလေ ဆိုတာကို ကမ္ဘာကသိအောင် ကြေညာပေးပါလား။
ယုံကြည်စွာ၊ အားကိုးစွာ၊ ခင်မင်လေး စားစွာဖြင့်... ခရစ်တော်၏မေတ္တာ၌ **သဲမေဦး**

---

## သက်သေခံချက် (နော်နော)

ရှေးဦးစွာ ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ယခုလို သက်သေခံခွင့်ရတဲ့အတွက် ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းသလို အချိန်ပေး ဖတ်ရှုတဲ့ ဆရာသမား၊ ဓမ္မမိတ်ဆွေ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်မ က ၂၀၀၀–၂၀၀၁ ခုနှစ်တုံးက အလုံ ကျမ်းစာသင်ကျောင်းမှာ (၃)နှစ်တာ တက်ရောက်အောင်မြင်ခဲ့ပြီး ၁၉၉၉–၂၀၀၀ နှစ်တုန်းက နွေရာသီကျမ်းစာ နှင့် ကရင်စာ သင်တန်း ဆင်းခဲ့ပါတယ်။ အရမ်း ဆင်းရဲပြီး ယုံကြည်သူ(၅)အိမ်ထောင်သာ ရှိတဲ့ ကရင်ရွာလေးမှာ ရွာသားတွေရဲ့ လက်ခံမှု၊ ယုံကြည် သူများရဲ့တောင်းဆိုမှုဖြင့် ဧဝံဂေလိ လုပ်ဆောင်ဖို့ သွားရောက်နေထိုင်ခဲ့ပါတယ်။ နောက် သာသနာနယ်ရဲ့ ဒါရိုက်တာက ဧဝံဂေလိလုပ်ဖို့ အချိန်ပြည့် အမှုတော်ဆောင်တစ်ယောက် အဖြစ် တာဝန်ပေးအပ်ခဲ့တယ်။ ရောက်စက ဗိမာန်တော်ဆိုတာ မရှိခဲ့ဘူး။ တနင်္ဂနွေ အပတ်စဉ် တစ်အိမ်စီ အလှည့်ကျ ဝတ်ပြုခဲ့ကြတယ်။ စားဝတ်နေရေး မပြေလည်ပေမယ့် လာရောက်ဝတ်ပြုသူတွေကို ဘုရားဝတ်၊ ဓမ္မဝတ်၊ ညှိသည်ဝတ်ကို ကြိုးစားပြုကြတယ်။ (၂)နှစ်လောက်ကြာတော့ ယုံကြည်သူတွေနဲ့ တိုင်ပင်ပြီး ဗိမာန်တော်တစ်လုံး ဆောက်ဖို့ အားလုံးသဘော တူကြတဲ့အခါ သာသနာနယ်ရဲ့ ကိုယ်စားလှယ် အစည်းအဝေးမှာ သွားရောက်တင်ပြတယ်၊ ကူညီပေးဖို့ပေါ့။ ကိုယ်စားလှယ်ထဲက တာဝန်ရှိသူ တစ်ယောက်က ဗိမာန်တော် မလိုဘူး၊ စိတ်နှလုံးထဲမှာ ဗိမာန်တော်ရှိရင် ပြီးရောတဲ့။ ကောင်းပြီလေ ဒါနဲ့ပြန်လာတယ်။

ယုံကြည်သူတွေကို ကျွန်မတို့အတွက် အထူး ဆုတောင်းပေးပါ၊ ကျွန်မတို့ ရှေ့တန်း သာသနာ ခရီးထွက်မယ်၊ လူတွေ မဖြစ်နိုင်တဲ့ အရာကို ဘုရားသခင် ခွန်အားနဲ့ ကျွန်မတို့ ဗိမာန်တော်ကို ဆောက်မယ်။ အဲဒီရွာမှာ နယ်လှည့် အမှုတော်ဆောင် ဆရာမတစ်ယောက်ရှိတယ်။ သူက ကျွန်မထက် အမှုတော်ဆောင်ရာမှာ အတွေ့ အကြုံပို ရှိတယ်။ ကျွန်မ ရောက်တော့ လက်တွဲလျှက် အမှုတော် အတူ ဆောင်ရွက်တယ်။ ဒါနဲ့ ကျွန်မတို့ တွံတေး ပန်းလှိုင်ရွာလေးမှာ အသင်း တော်နဲ့ဝေးနေတဲ့ ဓမ္မမိတ်ဆွေတွေဆီ သွားပြီး နှုတ်ကပတ်တရားနဲ့ တိုက်တွန်း ခွန်အားပေးတယ်။ သူတို့က အလှူငွေပေးတယ်။ ရတဲ့ ငွေက ဘုရားကျောင်း ဆောက်ဖို့ မလောက်သေးဘူး။ ဒါနဲ့ ဆရာမလေးက ပန်းတနော်မှာ သင်ဖြူးဖျာ သွား ဝယ်ပြီး မှော်ဘီ၊ သောင်တော၊ ပန်းတောမှာ သွားရောင်းကြတယ်။ ငွေ လုံလောက် လာတော့ ဘုရားကျောင်းလေးကို ဝါးလေးနဲ့ စတင် ဆောက်ခဲ့တယ်။ ၁၈.၅.၂၀၀၃ မှာ ကျောင်းဆက်ကပ်ခဲ့တယ်။ အဲဒီမှာ ယုံကြည်သူ သားသမီး(၄)ယောက်၊ မယုံကြည်သူ (၂)ယောက် နှစ်ခြင်း မင်္ဂလာခံခဲ့တယ်။ ပွဲတော်မင်္ဂလာ ပြုလုပ်ခဲ့တယ်။ (၂)နှစ်ကြာ တော့ ဗိမာန်တော်လေး ပြိုပျက်လာတယ်၊ အသစ်တဖန် မွမ်းမံဖို့ လိုအပ်လာပြန်တယ်။ အဲဒီအချိန်မှာ ကိုယ်ပိုင်မြေကွက်နဲ့ အခိုင်အမာဆောက်နိုင်ဖို့ ဆုတောင်းကြတယ်။ ကျေးဇူးတော်ကြောင့် မြေကွက်ရောင်းပေးမယ့်သူ ပေါ်လာတယ်။ ဝယ်ဖို့ငွေ မရှိပြန်ဘူး၊ ဒါနဲ့ ဒီမြေကွက်အတွက် လိုအပ်တဲ့ငွေ(၃၀၀၀၀)ရဖို့ ဆုတောင်းတယ်။

ဒါနဲ့ ရန်ကုန်အနီး သာသနာရဲ့ အမှုတော်ဆောင်များ မွမ်းမံသင်တန်းကို ကျွန်မ တက်ခွင့်ရခဲ့တယ်။ အဲဒီမှာ "ကျွန်ုပ်သည် ဧဝံဂေလိ အမှုတော်ဆောင် တစ်ယောက် ဖြစ်သည်" ဆိုတဲ့ ခေါင်းစဉ်ပါ ကျဖမ်းစကား ပြောခွင့်ရတယ်။ ဒါနဲ့ ကျွန်မရဲ့ ဧဝံဂေလိနဲ့ လိုအပ်နေတဲ့ မြေကွက်အကြောင်း ပြောလိုက်တယ်။ ကျေးဇူးတော်

ကြောင့်ပဲ ပြန်လာတော့ ဆရာကြီးတွေက အလှူငွေ(၁၀၀၀၀)နဲ့ သာသနာနယ်က(၁၅၀၀၀) ပေးပြီး ကျန်တာကို တပည့်တော်စုက ဖြည့်ပေးပြီး၊ မြေကွက် ဝယ်ပြီး ဗိမာန်တော်လေး ကို ပြောင်းရွှေ့ခဲ့တယ်။ နောက်မကြာဘူး ရေကြီးတော့ ဗိမာန်တော်လေးကို ရေမြုပ် သွားတယ်။ ရေကျတော့ ဝါးတွေ ဆွေးသွားတယ်။ ဒါနဲ့ ဗိမာန်တော် အခိုင် အမာ ဆောက်နိုင်ဖို့ ဆုတောင်းတယ်။ ဒီလိုနဲ့ မြို့က အဘိုးဆရာ ကလည်း အပတ် စဉ် လာရောက်လျက် ဝိညာဉ်ခွန်အားပေးတယ်။ ဘုရားသခင်ကို သံသယ မရှိနဲ့၊ ဘုရား သခင် အရာရာတတ်စွမ်းနိုင်တယ်၊ ဆုတောင်းပါ၊ ဆက်ကပ်ပါ၊ ဘုရားသခင် အတွက် အချိန် ပိုပေးပါ၊ စာတွေများများဖတ်၊ ဘုရားသခင်နဲ့ စကားများများ ပြောပါလို့ တိုက်တွန်း ခွန်အားပေးတယ်။ သို့သော်လည်း သမီးက လည်း အမှုတော်ဆောင် ဆိုပေမယ့် ဘဝဝမ်းစာ ရှာရသေး တယ်။ ရန်ကုန်သာသနာက တစ်လ (၃၀၀၀)နဲ့ တစ်နှစ်ကို နှစ်ခါ ထောက်ပံ့တယ်။ လုံ လောက်မှုမရှိဘူးပေါ့။ ဒါနဲ့ ဘုရားဝတ်၊ ဓမ္မဝတ် အတွက် လူမှုရေးညှိသည်ဝတ်ကို ပြုဖို့ ရာသီအလိုက် လုပ်ငန်းလုပ်တယ်။ အရင်က လယ် လုပ်တယ်၊ အဆင် မပြေဘူး။ သင်းထောက်က တံငါရှာတာ ကျွမ်းကျင်တော့ သူ့ကို ကူညီတယ်၊ ဖျာ ရောင်းတယ်၊ အဝတ်အစားတွေ ရောင်းတယ်၊ ဆရာမနဲ့အတူ ပိုက်ကွန် ပစ်တယ်၊ ဝမ်းရေးအတွက် လုပ်ဆောင်ခဲ့တယ်။ ပြည့်စုံမှု မရှိပေမယ့် ကျွန်မရဲ့ တဲသာသာ အိမ်ကလေးမှာ လိုအပ်သမျှကို ဘုရားသခင်ပဲ ပြင်ဆင်ဖြည့်ဆည်း ပေးခဲ့ပါတယ်။ အဘိုး ပြောသလိုတော့ ဘုရားအတွက် အချိန်များများ မပေးနိုင်ပေမယ့် ဘုရားသခင်ကတော့ သမီးအတွက် ထာဝရ ကောင်းမြတ်တော်မူတယ်။ ဒီလိုနဲ့ ဆုတောင်း နေရင်းနဲ့ အသိမိတ်ဆွေ တစ်ယောက်က အိမ်နှစ်လုံးကို ဘုရားကျောင်း ဆောက်ဖို့ လှူတယ်။ ဒါနဲ့ ကျွန်မ သွားတွေ့ဆုံပြီး အိမ်ကိုဖျက်ပြီး တပည့်တော်စုကို ပြန်သယ်ခဲ့တယ်။ ကျေးဇူးတော်ကြောင့် ၂၀၀၅ ခုနှစ်မှာ သွပ်မိုး၊ ပျဉ်ကာ၊ အုတ်နဲ့ အိမ်/ကျောင်းတစ်ကျောင်းကို ဆောက်လုပ်ဆဲမှာ အခက်အခဲ အများကြီးတွေ့ရတယ်။ ယုံကြည်သူတွေ အစာရှောင် ဆက်ကပ် ဆုတောင်းကြတယ်။ ဒါနဲ့ပဲ အဘိုးစိတ်ကို ဘုရားသခင် ထိတွေ့တော့ အဘိုးနဲ့ ကျွန်မ မြို့က ဓမ္မမိတ်ဆွေတွေဆီ သွားပြီး ဝတ်ပြု ကိုးကွယ်တယ်၊ နှုတ်ကပတ်တော်နဲ့ ခွန်အားပေးတယ်။ ဒါနဲ့ပဲ သူတို့တွေက အလှူငွေ ပေးတာ အားလုံး(၆၀၀၀၀)မက ရရှိခဲ့တယ်။ ဒါနဲ့ပြေစာအတွက် အားလုံး အဆင်ပြေ တယ်၊ အခက်အခဲတွေဘယ်လောက်ရှိရှိ ဘုရားသခင်ရဲ့ခွန်အားနဲ့ ရင်ဆိုင်ဖြေရှင်းတဲ့ အခါ အရာရာမှာ အောင်မြင်မှု ရရှိခဲ့ပါတယ်။ အခုဆိုရင် ဗိမာန်တော်လေးမှာ အပတ်စဉ်(၄)ချိန် ဝတ်ပြုသူတွေနဲ့ ဝိညာဉ် ခွန်အားတိုးပွားသလို နှစ်စဉ် ခရစ္စမတ်၊ နှစ်သစ်ကူး ပွဲတော် ကျင်းပနိုင် ခဲ့ပါတယ်။ ကျေးဇူးတော်ကြောင့် ၂၀၀၅–၂၀၀၆ ခရစ္စမတ်မှာ တစ်ရွာလုံး မယုံကြည်သူ အိမ်တိုင်းကို မြို့ကဖိတ်ကြားတဲ့ ဆရာ၊ ဆရာမများ၊ တပည့်တော်စုက လူငယ်များ၊ သင်းထောက်များ (၄)ဖွဲ့ခွဲ၍ အိမ်တိုင်း ခရစ်စမတ် သတင်းကောင်း ဧဝံဂေလိမျိုးစေ့ ကြဲပက်နိုင်ခဲ့ပါတယ်။ အခုဆို (၃)လ တစ်ကြိမ် ပွဲတော်နဲ့ နှစ်ခြင်းမင်္ဂလာခံယူပြီးသူ (၁၄)ဦးရှိခဲ့သလို ဆက်လက်ပြီး နှစ်ခြင်းမင်္ဂလာ ခံယူမယ့်သူများရှိလျှက်၊ တပည့်တော်စုမှသည် အသင်းတော်ကြီး တစ်ခုဆီသို့ ဧဝံဂေလိ ခြေလှမ်းလေးများ စတင်လို့ နေခဲ့ပြီး ဒီလိုအချိန်မှာ အရေး အကြီးဆုံးက ဝိညာဉ်ရေးရာပါပဲ။ ဧဝံဂေလိလုပ်ဆောင်ဖို့ လိုအပ်တဲ့ အရာများစွာ ရှိနေပါတယ်။ ရရှိထားတဲ့ဝိညာဉ်တွေ ကျောက်ပေါ်မှာ ဆောက်တဲ့ယုံကြည်ခြင်းရဲ့အိမ်၊ ကောင်းသောမြေမှာကျတဲ့ မျိုးစေ့လေးများဖြစ်ဖို့ လုပ်ဆောင် စရာများစွာ ရှိနေသေး တယ်။ လူကိုမျှားသောတံငါအတွက် ပိုက်ကွန်၊ ငါးမျှား၊ လိုအပ်တဲ့ အရာအတွက် ဒူးထောက် ဆုတောင်းကြတယ်။ လိုအပ်တဲ့အရာ ဘုရားသခင်အလိုတော်နဲ့ ဖြည့်ဆည်းပေးဖို့ "ပွဲပြီး မီးသေ ဆိုသလို" ကျွန်မရဲ့ ဝိညာဉ် အဘိုးကလည်း ဘုရားသခင် ခြေတော်ရင်းကို ၀၁.၀၅.၀၇ က ပြန်သွားပြီး ကျွန်မလည်း ဆက်ကပ်ဆုတောင်းနေရင်း ဝမ်းစာရေးအတွက် လုပ်ငန်းလေးတွေ လုပ်ဆောင်ရင်းနဲ့ နေခဲ့တာ ပြည်ပကို လာဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ ကျွန်မ၊ အင်္ဂလိပ်စာ မကျွမ်းကျင်ဘူး၊ အဓိက က အမှုတော်ဆောင် တစ်ယောက်မို့ ဒေါ်လာရှာဖို့ မစဉ်းစားရဲဘူး။ သို့သော် တစ်နေ့ညမှာ သူငယ်ချင်းက အိပ်မက်တယ်၊ အိပ်မက်ထဲမှာ ဝတ်ဖြူနဲ့ ကောင်းကင်တမန် တစ်ပါးက ကျမ်းပိုဒ်လာပေးတယ်၊ မိုးလင်းလို့ ကြည့်တော့ ကမ္ဘာ ၁၂း၁–၄၊ ၁၂း၁၀–၁၇ တွေ့ရ တယ်။ ဒါပေမယ့် အိပ်မက်ရဲ့ အဓိပ္ပါယ်ကို နားမလည်ဘူး။

မမျှော်လင့်ပဲ မြို့က သူငယ်ချင်း ဆရာတစ်ယောက် နိုင်ငံခြား သွားမယ့်သူ ရှိရင် သူကူညီမယ်တဲ့၊ ပွဲစား တွေနဲ့ ရင်းနှီးတယ်တဲ့။ ကျွန်မလည်း မစဉ်းစားပဲ သွားမယ်လို့ ပြောလိုက်တယ်။ သူက ဖုန်းဆက်ခိုင်းတယ် အဆင်ပြေရင် ဘုရားသခင် ကျေးဇူးတော်ချီးမွမ်းရမယ်။ ဒါနဲ့ နောက်ဆုံး ပွဲစားနဲ့ ဆက်သွယ်ပြီး ဘုရားသခင် ခွန်အားနဲ့ အားလုံးအဆင်ပြေခဲ့ပေမယ့် ဆေးစစ်တော့ ဆေးကျတယ်၊ (ဘီ)ပိုးရှိတယ်တဲ့။ ဘာပဲဖြစ်ဖြစ် ဘုရားသခင်အတွက် စိတ်ဓါတ်မကျဘူး၊ ဆေးသောက်တယ်၊ ဆေးထပ်စစ်တယ်၊ မအောင်ဘူး။ နောက်တစ်ခါ ဆေးမသောက်ဘူး အစာရှောင် ဆက်ကပ် ဆုတောင်းတယ်။ အားလုံးဝိုင်း ဆုတောင်း ပေးတယ်။ စက်ဘ်ပူ လာခါနီးမှာ ဆေးထပ်စစ်တယ်၊ ပိုးရှိတယ်။ ဒါနဲ့ ဆရာက ယုံကြည် ခြင်း တစ်ခုတည်းသာရှိ၊ ဘုရားသခင်ထံ အပ်နှံလိုက် ဘုရားသခင် တတ်နိုင်တယ်။ မစိုး ရိမ်နဲ့ လေယာဉ်စီးတာနဲ့ နှင့်ရောဂါငြိမ်းမှာ၊ သခင်ယေရှု ခရစ်တော်ဘုရားက သမား တော်ကြီး ပဲလို့ ပြောတယ်။ ကျွန်မလည်း ယုံကြည်ခြင်းကို လက်နက်တစ်ခုလို စွဲကိုင် လျက် စက်ဘ်ပူကို ၁၉.၀၉.၀၇ နေ့က ထွက်လာခဲ့တယ်။

ကျွန်မရဲ့ အသွေးအသား ဟာ ကိုယ်တော်ရဲ့အသွေးအသား ဖြစ်ပါစေလို့ ဆုတောင်းရင်း ရောက်တဲ့နေ့မှာ ဆေးစစ် ခဲ့တယ်။ ဘုရားသခင်တန်ခိုးတော် အံ့သြချီးမွမ်းဖွယ်ကောင်းလိုက်တာ။ ကျွန်မ ရောဂါ လုံးဝပျောက်ကင်းသွားပြီး "ဆိုကြပါစို့ (ဘုရားသခင် ကောင်းမြတ် တော်မူ တယ်)"[၄] လုပ်ဆောင်ရမယ့် အရာတွေအားလုံးကို မကျွမ်းကျင်ပေမယ့် ကျေးဇူးတော် ကြောင့် အားလုံးအောင်မြင်စွာ လုပ်ဆောင်ပြီးလို့ အလုပ်ဝင်တော့ အတွေ့အကြုံ မရှိတာရယ်၊ ဘာသာစကား မကျွမ်းကျင်တာရယ် ကြောင့်(၁၀)ရက် လောက်ကြာတော့ ပွဲစားထံ ပြန်ပို့ခံရတယ်။ ဒါပေမယ့် ကျွန်မ စိတ်မပျက်ဘူး။ နောက်တစ်အိမ် ထပ်ပြောင်းတယ်၊ အဲဒီအိမ်က ခရစ်ယာန် မိသားစုပါ။ ဒါပေမယ့် ဇာတိခရစ်ယာန်ပဲ အသက်တာ မပြောင်းလဲဘူး၊ နဲနဲလေးမှ သည်းခံခြင်း တရား မရှိဘူး၊ အဆင့်အတန်း ခွဲခြားတယ်၊ နေ့စဉ်လိုလို ဖုန်းနဲ့တမျိုး အသံကျယ်ကြီးနဲ့တဖုံ အဆူခံရတယ်။ ဒီအခက်အခဲ တွေကို ကျွန်မ ဘုရားသခင်ကိုပဲပြောပြတယ်။ နေ့စဉ် အသက်တာမှာ မျက်ရည်နဲ့ပဲ ဆက်ကပ် ဆုတောင်းခဲ့တယ်။ တစ်လခြား အစာရှောင်ဆုတောင်းတယ်၊ ခက်ခဲမှု အမျိုးမျိုးကြားမှာ ကြိုးစားဆုတောင်း ဆက်ကပ်ခဲ့တယ်။ နောက်ဆုံးတော့ ဘာမှန်းသေချာ မသိပဲ ပေရယ် ၁၅ ရက်နေ့မှာ ပွဲစား လာပြန်ခေါ်တယ်။ ပွဲစားအိမ်မှာ တစ်ပတ်ကြာတော့ နောက်ထပ်အိမ်ရှင် ထပ်ရခဲ့တယ်။ ကျွန်မ ဘာမှမတတ်နိုင်ဘူး။ ဘုရားသခင် လက်ထဲ ပုံအပ်ခဲ့တယ်။ အဲဒီအချိန်မှာလည်း သူငယ်ချင်း ဆရာမရဲ့ ဖခင်၊ တပည့်တော်စုရဲ့ သင်းထောက်၊ ကျွန်မရဲ့ ဆရာတော်ကြီး ဘုန်းတော် ဝင်စားသွားပြီ ဆိုတာကို ဖုန်းနဲ့ သတင်း ရရှိခဲ့တယ်။ စိတ်မကောင်းဘူး။ အလုပ်ကလည်း တစ်ခါ နှစ်ခါပြုတ်၊ ဖခင်လို ကြင်နာတဲ့ဆရာကလည်း အိမ်တော်ပြန်သွား၊ ကျွန်မ ဒူးထောက်ပြီး ဆုတောင်းခဲ့ တယ်။ ဒီတခါ အလုပ်ရှင်က ကိုယ်တော်ရွေးချယ်တဲ့သူ ဖြစ်ပါစေ။

တကယ်အံ့သြစရာ ကောင်းတာကတော့ ကျွန်မရဲ့ သုံးအိမ်မြောက် အိမ်ရှင်က တကယ်သနားကြင်နာတတ်တဲ့ ဝိညာဉ်ခရစ်ယာန်၊ တစ်အိမ်လုံးမှာ လင်မယား နှစ်ယောက်ပဲရှိတယ်။ ဆရာမက ခရစ်ယာန်၊ ဆရာက မယုံကြည်သူ တစ်ယောက်၊ ဆရာမက ယုံကြည်ခြင်း တကယ်ရှင်သန်တယ်။ ခရစ်တော် လမ်းစဉ်ကို ကြိုးစားလိုက်ရောက်တယ်။ ကျွန်မကိုလည်း မိသားစုကို ဆက်သွယ်ခွင့်ပြုတယ်၊ တနင်္ဂနွေနေ့တိုင်းမှာလည်း သူနဲ့အတူ ဗိမာန်တော်မှာ အတူ သွားဝတ်ပြုခွင့်ရတယ်။ ဒါ့ထက် မက ကျွန်မတို့ရဲ့ မြန်မာဘုရားကျောင်းကိုလည်း အင်တာနက်နဲ့ရှာပြီး ကိုယ်တိုင် ကားမောင်းပို့တယ်။ နာဂစ်မုန် တိုင်းမှာ ကျွန်မရဲ့ တဲသာသာအိမ်လေး ပြိုသွားလို့ စင်ကာပူငွေ ၂၀၀ ကူညီတယ်။ အခုလည်း ကျွန်မက အမှုတော်ဆောင် တစ်ယောက်ဆိုတာ သိလို့ ကျွန်မ ရဲ့ တပည့်တော်စုအတွက် ကီးဘုတ် စင်ကာပူဒေါ်လာ၄၅၀ တန် တစ်လုံးကို ဗိမာန် တော် အတွက် လှူဒါန်းတယ်၊ ကျွန်မကို ကြိုတင်ငွေ(၅)လစာ (၁၅၀၀) ထုတ်ပေးတယ်။ သူနဲ့အတူ နှုတ်ကပါတ်တော်ဆွေးနွေးတယ်။ အတူ ဒူးထောက်ဆုတောင်းတယ်။ သူ့မိသားစုထဲက တစ်ယောက်ယောက် ဖျားနာရင် ကျွန်မကို ဖုန်းနဲ့ဆုတောင်းခိုင်းတယ်။ လူတွေက တစ်ယောက်စကား တစ်ယောက် နားမလည်ပေမယ့် ဘုရားသခင် အားလုံးကို နားလည်တယ်တဲ့။ တကယ် ပျော်ရွှင်ဖွယ်ကောင်းတဲ့ အိမ်ထောင်လေးပါ။ ဆရာလည်း ခရစ်ယာန် တစ်ယောက်ဖြစ်လာဖို့တော့ ကျွန်မလည်း ဆုတောင်းတယ်။ ဆက်ပြီးတော့ ဘုရားသခင်အတွက် အစေခံကောင်းဖြစ်အောင် အသက်တာကိုပြင်ဆင်လျက်၊ ဆက်ကပ်လျှက် အစာရှောင်ပြီး လူသားအားလုံးအတွက် ဆက်ကပ် ဆုတောင်း ပေးသွားမယ်လို့ ရည်ရွယ်ထားတယ်။ ဆက်ပြီး ကျွန်မရဲ့ တပည့်တော်စုလေး ဝိညာဉ်၊ ခန္ဓာနှစ်ခုလုံး တိုးတက်ရှင်သန်ပြီး ဧဝံဂေလိ ပိုမိုလုပ် ဆောင်နိုင်အောင် သတိရ ဆုတောင်းပေးဖို့ မေတ္တာရပ်ခံပါတယ်။ အခုဆို ဆရာမက အရွယ်ရောက်တဲ့ကလေးတွေ နှစ်ခြင်းမင်္ဂလာခံယူဖို့ စီစဉ် ပေးပါတဲ့။ အခုဆို အသင်းသားဦးရေ(၃၀) ရှိပြီး လာမယ့် ၂၀၁၂ မှာ အသင်းတော်တစ်ပါးအဖြစ် အသိအမှတ်ပြုဖို့မျှော်လင့်တယ်။ ယုံကြည်တယ်။ ဒါကြောင့် ကျွန်မ အတွက် ဝိုင်းဝန်း ဆုတောင်း ပေးပါရန် မေတ္တာရပ်ခံပါတယ်။ အားလုံး ကြွယ်ဝသော ဘုရားရှင်ရဲ့ ကောင်းကြီး မင်္ဂလာကို ခံစားနိုင်ကြပါစေလို့ ဆုတောင်းပေးရင်း...။ *နောနော*

---

## အလုံးစုံတို့၌ အလုံးစုံဖြစ်သော အကျွန်ုပ်တို့၏ယေရှုခရစ် (အန်ဒရူး)

"...ထိုစည်းစိမ်ကား၊ ဘုန်းအသရေကို မြော်လင့်ခြင်း အကြောင်းတည်းဟူသော သင်တို့ အထဲ၌ တည်တော်မူသော ခရစ်တော်ပေတည်း" (ကော၊ ၁း၂၇)

ချစ်သောမိတ်ဆွေ၊ ကျွန်ုပ်တို့သည်သခင်ယေရှုနှင့်ဆိုင်သော အံ့ဘွယ်သော အကြောင်းများစွာကို လေ့လာခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့လေ့ လာခဲ့ရာတွင် သူသည်ဘုရားသခင် ကတိတော်နှင့် ဆိုင်သောကယ်တင်ရှင်၊ တန်ခိုးကြီးသောဘုရား၊ ကြီးမြတ်သော ဆရာ၊ ဘုရား



မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ ( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂဏ နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )

၏ သိုးသငယ်၊ ထမြောက်ခြင်းအရှင်၊ အလုံးစုံတို့၏သခင်၊ ကြီးမြတ်သော ကိုယ်စားပြု အကျိုးဆောင်သူနှင့် ကြွလာမည့် ရှင် ဘုရင် ဖြစ်သည်။ ယေရှုခရစ်သည် ဤအရာများ သာမက သာ၍များသော အရာများလည်းဖြစ်သည်။ သူသည် ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်း၊ ကျွန်ုပ်တို့၏တန်ခိုး၊ ကျွန်ုပ်တို့၏သန့်ရှင်းခြင်း၊ ကျွန်ုပ်တို့၏အောင်မြင်ခြင်း၊ ကျွန်ုပ်တို့၏ ဝမ်းမြောက် ခြင်း၊ ကျွန်ုပ်တို့၏ခွန်အား၊ ကျွန်ုပ်တို့၏စိတ်ရှည်ခြင်း၊နှင့် သာ၍ များစွာသော အရာများဖြစ်သည်။ ထို့အပြင် ကျွန်ုပ်တို့၏ လိုအပ် သော အရာတိုင်းအတွက် ဘုရားသခင်သည် ခရစ်တော်ကို ကျွန်ုပ်တို့၌ ပေးခဲ့ခြင်းဖြစ်သည်။ ကျမ်းစာက "ထိုသို့ သင်တို့သည် သား ဖြစ်သောကြောင့် အဗ္ဗအဘ ဟုခေါ်တတ်သော သားတော်၏ ဝိညာဉ်တော်ကို သင်တို့စိတ်နှလုံးထဲသို့ ဘုရားသခင် စေလွှတ် တော်မူသည်"ဟုဆိုသည်။(ဂလာ၊ ၄း၆)

**ဤကား မည်သည့် အဓိပ္ပါယ်နည်း။** ၄င်း၏အဓိပ္ပါယ်မှာ ခရစ်တော်သည် ကျွန်ုပ်တို့၏အထဲ၌ သူ၏ဝိညာဉ်တော် အားဖြင့် ရှိနေခြင်းဖြစ်သည်။

**ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးထဲတွင် ကျိန်းဝပ်ရန် ကျွန်ုပ်တို့ကို ဖန်ဆင်းခဲ့၏။**

ကျမ်းစာက လူသည် "ဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီ" ဖန်ဆင်းခြင်း ခံရ၏ ဟုဆို၏။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပုံသဏ္ဍာန် အတိုင်း ဖန်ဆင်းခြင်းခံရသည် သာမက ဘုရားသခင်ကိုယ်တိုင် ကျွန်ုပ်တို့အထဲ၌ နေနိုင်ရန်အတွက်လည်း ကျွန်ုပ်တို့ ကို ပြုလုပ်ခဲ့ခြင်းဖြစ်၏။ ဆွယ်တာ တစ်ထည်သည် လူတစ်ဦး၏ပုံစံ(သို့) ပုံသဏ္ဍာန်ကဲ့သို့ ပြုလုပ်ထားသော ပိတ်စတခု ဖြစ်သည်။ ၄င်းကို လူတစ်ဦး၏ပုံသဏ္ဍာန် ပြုလုပ်ခြင်း တစ်ခုတည်း မဟုတ်ပါ။ အသက်ရှင်သောသူ ဝတ်ဆင်ရန်အတွက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း အသက်ရှင်သောပုဂ္ဂိုလ် ဘုရားသခင်ကိုယ်တိုင် ကျွန်ုပ်တို့အထဲ၌ ကျိန်းဝပ်ရန် ပြုလုပ်ခဲ့၏။

**ဘုရားသခင်သည် ယေရှု၏အထဲ၌ တည်တော်မူ၏**

ယေရှုခရစ်သည် မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်အမြဲ ဘုရားသခင် ဖြစ်တော်မူသည်။ သို့သော် သူသည် လူသား တစ်ဦးလည်း ဖြစ်ခဲ့၏။ သူ့ကိုယ်သူ "လူသားတော်"ဟုခေါ်ခြင်းကို သူသည်နှစ်သက်တော်မူ၏။ ယခု ကျွန်ုပ်တို့၏ရည်ရွယ်ချက်မှာ သူ၏အမှန်ဖြစ်သော လူသားစင်စစ် တစ်ဦးအဖြစ်ကို ကျွန်ုပ်တို့ စဉ်းစားလိုခြင်း ဖြစ်သည်။ သူသည် ဤမြေပေါ်အသက်ရှင်စဉ်အခါ၊ သခင် ယေရှုသည် သန့်ရှင်းခြင်း၊ တန်ခိုးရှိခြင်းနှင့် အောင်မြင်သောအသက် တာဖြင့် အသက်ရှင်ခဲ့ ၏။ သူက"ငါသည် ခမည်းတော်ကို နှစ်သက်စေတော်မူသော အမှုကိုအစဉ်မပြတ် ပြုတော်မူသည်"ဟုမိန့်တော်မူ၏။ သူ၏ရန်သူများပင် သူ၌အံ့ဩခြင်းရှိတော်မူ၏။ သူတို့က "ထိုသူ ဟောပြောသကဲ့သို့ အဘယ်သူမျှ မဟောစဘူး ပါ"ဟုပြောဆိုကြ၏။

**ယေရှုသည် ဤကဲ့သို့သော ပညာများကို ဘယ်ကရရှိခဲ့သနည်း။** ဘယ်ကဲ့သို့ သူသည် အပြစ်ကင်း သော အသက် တာဖြင့် အသက်ရှင်နိုင်ခဲ့ရသနည်း။ သူပြုခဲ့သော တန်ခိုးကြီးသောအရာများကို သူ ဘယ်ကဲ့သို့ ပြုလုပ်ခဲ့သနည်း။ သူက" ငါသည် ခမည်းတော်၌ ရှိသည်ကိုင်း၊ ခမည်းတော်သည် ငါ၌ ရှိတော်မူသည် ကိုင်း မယုံသလော။ ငါဟောပြောသောစကားကို ကိုယ်အလိုအလျှောက် ငါ ဟောပြောသည်မဟုတ်။ ငါပြုသော အမှုတို့ကိုကား၊ ငါ၌တည်နေတော်မူသော ခမည်းတော်သည် ပြုတော်မူ၏။"ဟု ဆိုသည်။ (ယော၊ ၁၄း၁၀) ယေရှုသည် ခမည်းတော် သူ၌ရှိတော်မူသည်ကို သိတော်မူ၏။ ခမည်းတော်သည် သူ၌ရှိကြောင်းကို သိမှတ်တော်မူ ပြီး၊ သူ့ခမည်းတော်ကို သူ အစဉ်နာခံခြင်း ရှိတော်မူ၏။ သူ၏ လိုသောအရာ အားလုံးအတွက် သူ၏ခမည်းတော်ကို အားကိုး မှီခိုတော်မူ၏။

**ယေရှုသည် သူ၏တပည့်တော်များ၏အထဲ၌ ကျိန်းဝပ်ရန် ကတိပေးခဲ့၏။**

ယေရှုသည် လက်ဝါးကပ်တိုင်ပေါ် အသေသတ်ခြင်း မခံမီ သူ၏ တပည့်တော်များကို ပြောခဲ့သည်မှာ သူသည် မ ကြာခင် သူတို့ကို စွန့်ခွာသွားလိမ့်မည်။ သို့သော် သူတို့ထံသို့ ပြန်လာမည်ဖြစ်ကြောင်း သူ ကတိပေးခဲ့၏။ (ယော၊ ၁၄း၁၆–၁၈)

**ယေရှုသည် တပည့်တော်များကို ဘာပြောသနည်း။**"ငါသည် သွားရမည်။ သင်တို့၌ နေရန်ပြန်လာမည်။ ခမည်းတော်သည် ငါ၌ရှိနေသကဲ့သို့ ငါသည် သင်တို့၌ ရှိနေရန် ပြန်လာမည်။" သခင်ယေရှုက" ငါသည်ခမည်းတော်၌ရှိသည်ကိုင်း၊ သင်တို့ သည် ငါ၌ရှိသည်ကိုင်း၊ ငါ သည်သင်တို့၌ ရှိသည်ကိုင်း၊ ထိုနေ့၌ သင်တို့သည် သိရ ကြလိမ့်မည်။"ဟုဆို၏။(ယော၊ ၁၄း၂၀)

**ခရစ်တော်သည် ကျွန်ုပ်တို့၌ ရှိတော်မူသည်**

ခရစ်တော်သည် ယုံကြည်သူတိုင်း၏အထဲ၌ ရှိပါသလား။ အမှန် ရှိတော်မူသည်။(၂ကော၊ ၁၃း၅ခ)"…ခရစ်တော်၏ ဝိညာဉ်ကို မရသောသူ မည်သည်ကား ခရစ်တော်နှင့်မဆိုင်။"ရော၊၈း၉) ဤသည်ကား တမန်တော် ရှင်ပေါလု၏ အံ့ဩချီးမွမ်းဖွယ်သော၊ အောင်မြင်သောအသက်တာ၏ **လျှို့ဝှက်ချက်** ဖြစ်သည်။ သူက"ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။"ဟုဆို၏။(ဂလာ၊၂း၂၀) ဘုရားသခင်၏ သားသမီးတိုင်းသည် "ခရစ်တော် သည် ငါ၌ရှင်တော်မူ၏"ဟု ဤကဲ့သို့ ပြောနိုင်ပါသည်။

**သင်၌ရှင်တော်မူသော ခရစ်တော်သည် မည်သူနည်း။** သူသည် ဘုရား သခင် ဖြစ်တော်မူသည်။(ကော၊ ၂း၉) ခရစ်တော်၏ နာမည်များထဲမှ နာမည်တခုကို စဉ်းစားခြင်းဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့၌ ရှင်သည်ဆိုသော အနက်ကို နားလည်ရန် ကျွန်ုပ်တို့ကို မစပေလိမ့်မည်။

**ခရစ်တော်သည် ကြီးမြတ်တော်မူသော" ငါ ဖြစ်သည်" ဟု ဆိုသော သူဖြစ်သည်။** ဘုရားသခင်၏နှုတ်ကပတ်တော်တွင် ဘုရားသခင်က ခရစ် တော်၏ နာမည်သည် "ငါ ဖြစ်သည်"ဟု ကျွန်ုပ်တို့ကို ဖေါ်ပြသည်။"ယေရှုက လည်း၊ ငါအမှန်အကန် ဆိုသည်ကား အာဗြဟံမဖြစ်မှီ **ငါ ဖြစ်၏**"ဟု မိန့်တော်မူ၏။ (ယော၊ ၈း၅၈) ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်၏အမည်နာမ တခုမှာ "ငါ ဖြစ်သည်"ဟူသောနာမဖြစ်၏။ ဤနာမ၏ အနက် ကိုနားလည်ရန် ဣသရေလ၏သားသမီးများ ကျွန်ခံရာ အဲဂုတ္တုပြည်၌ ဖြစ်ပျက်ခဲ့သော တစုံသော အကြောင်းအရာဆီသို့ နောက်ကြောင်းပြန် ရပေလိမ့်မည်။ ဘုရားသခင်သည် မောရှေအား တောထဲ၌ထင်ရှားပြပြီး၊ သူအား အဲဂုတ္တုပြည်သို့ပြန်သွား၍ ဣသရေလ၏သား သမီးများ ကျွန်ခံရာမှထွက်မြောက်ခြင်းကို ဦးဆောင်ရန်ပြောခဲ့၏။ သို့သော် မောရှေသည် ဘုရား သခင် သူ့အား စေလွှတ်ခြင်း ကို လူများ မယုံကြည်ကြလိမ့်မည်ကို ကြောက်၏။ ဘုရား သခင်ကလည်း မောရှေအား"ငါ ဖြစ်သည် အတိုင်း ငါ ဖြစ်၏ဟူ၍၎င်း၊ ငါ ဖြစ်သည်ဟု အမည်ရှိသော သူ သည်၊ ငါ့ကို သင်တို့ရှိရာသို့ စေလွှတ်တော်မူပြီဟု ဣသရေလ အမျိုးသားတို့အားပြန်ပြောလော့ဟူ၍၎င်း" မိန့်တော်မူ၏။ (ထွက်၊ ၃း၁၃–၁၄) ဘုရားသခင်က သူ၏နာမသည်"ငါ ဖြစ်သည်"ဟုဆို၏။ ဘုရားသခင်၌ ထူးဆန်းသော နာမ တခုဖြစ်သည်၊ မဟုတ်ပေဘူးလား။ ၄င်းကား အမှန်တကယ် မပြီးဆုံးသေးသော ဝါကျ တစ်ကြောင်းကဲ့သို့ ဖြစ်နေပါသည်။ ငါ ဖြစ်သည်။ ဘုရားသခင်သည် ဘာကိုဆိုလို သ နည်း။ ဘုရားသခင် ဆိုလိုသည်မှာ"ငါသည် သင်လိုအပ်သော မည်သည့်အရာမဆို ဖြစ် သည်။"ဟူ၍ဖြစ်၏။ မောရှေသည် ဘုရားသခင်ကို ယုံကြည်ပြီး၊ သူ၌လိုအပ်သော အရာ အားလုံး အတွက် သူသည် ဘုရားသခင်အပေါ် အားကိုးမှီခိုတော်မူ၏။

**ခရစ်တော်သည် ဘုရားသခင်၏အရာခပ်သိမ်း ဖြစ်ခြင်း**

ကျွန်ုပ်တို့ ဓမ္မသစ် ကာလသို့ ရောက်လာသောအခါ ခရစ်တော်သည် ကြီးမြတ်သော"ငါ ဖြစ်သည်"ဟူသော သူ ဖြစ်ကြောင်းကို တွေ့ရသည်။ သူက ဆိုသည်မှာ–"ငါသည် အသက်မုန့်ဖြစ်သည်"(ယော၊၆း၅၁)။"ငါသည် လောက၏အလင်း ဖြစ်သည်" (ယော ၈း၁၂)။"တံခါး၀ ဖြစ်သည်"(ယော၊၁၀း၉)။ "ကောင်းသော သိုးထိန်း ဖြစ်သည်" (ယော ၁၀း၁၄)။"ထမြောက်ခြင်း အကြောင်း ဖြစ်သည်"(၁ယော၊ ၁၁း၂၅)။ "လမ်းခရီး ဖြစ်သည်" (ယော၊၁၄း၆)။ "သမ္မာတရား ဖြစ်သည်"(ယော၊ ၁၄း၆)။ "အသက် ဖြစ်သည်" (ယော၊ ၁၄း၆)။"မှန်သော စပျစ်နွယ်ပင် ဖြစ်၏"(ယော၊၁၅း၁)။ "အာလဖနှင့် ဩမေဃ ဖြစ်သည်" (ဗျာ၊၁း၈)။ ယေရှုခရစ်သည် ဤအရာအားလုံးသာမက သာ၍များသော အရာများလည်း ဖြစ်တော်မူ၏။ သူသည် ကျွန်ုပ်တို့၏ မြော်လင့်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ချစ်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စင်ကြယ်ခြင်း၊ တန်ခိုး၊ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ကယ်တင်ခြင်း၊ ပညာ၊ ကျန်းမာခြင်း၊ အောင်မြင်ခြင်း၊ မှစ၍ သူသည် ကျွန်ုပ်တို့၌ လိုအပ်သောအရာ မည်သည့်အရာမဆို ဖြစ်တော်မူသည်။ ကျမ်းစာက "ခရစ်တော်သည် အလုံးစုံတို့၌ အလုံးစုံ ဖြစ်တော်မူ၏။"ဟုဆိုသည်။(ကော၊ ၃း၁၁)

**ခရစ်တော်သည်"အလုံးစုံ"**သော သူ ဖြစ်သည်။ သူသည် ကျွန်ုပ်တို့၌လိုသော အရာ ခပ်သိမ်းဖြစ်ပြီ၊ ကျွန်ုပ်တို့၌ရှင် တော်မူသည်။ သူသည် "ငါ ဖြစ်သည်"ဟု ကြီးမြတ်သော အမည်ရှိသည်။ သူက" သင်၌လိုအပ်သောအရာသည် ငါ ဖြစ်သည်" ဟုဆို၏။

**ခရစ်တော်၌တည်ပါ။** ခရစ်တော်က"ငါ၌တည်နေကြလော့၊ ငါသည်လည်း သင်တို့၌ တည်နေမည်။"ဟုဆို၏။ အမိန့်ကား အဘယ်နည်း။ အမိန့်သည်"ငါ၌တည်နေကြလော့။" ကတိကား အဘယ်နည်း။ ကတိကား"သင်တို့၌ ငါတည်နေမည်။"ဖြစ်သည်။ ခရစ်တော်က ကျွန်ုပ် တို့အား" ငါ၌တည်နေကြလော့။ ငါ၏အသက်သည် သင်တို့၌ ငါရှင်တော်မူလိမ့်မည်။ သင် လိုသောအရာခပ်သိမ်းသည် ငါဖြစ်တော်မူသည်။"ဟုဆို၏။ ခရစ်တော်၌ တည်ခြင်းသည် အဘယ်နည်း။ အဓိပ္ပါယ်မှာ သူနှင့်အတူ အစဉ်မပြတ် မိသဟာယ ဖွဲ့ခြင်း ဖြစ်သည်။ခရစ်တော်၌တည်နေရန် ကျွန်ုပ်တို့ ပြုလုပ်ရမည့်အရာများမှာ– (၁)ကျွန်ုပ်တို့၌ သူ ရှိနေကြောင်းကို သိမှတ်ဝန်ခံပါ။(၂)အချိန်တိုင်း သူ့ကိုနာခံပါ။(၃) သင်၏ လိုအပ်မှု အားလုံးကို သူ့ထံ အားကိုးမှီခိုပါ။ ခရစ်တော်၌တည်နေခြင်းသည် သူသည် ကျွန်ုပ်၌ရှိနေခြင်းကို သိမှတ်ခြင်း၊ သူ့ကိုနာခံခြင်း၊ ကျွန်ုပ်၏လိုသောအရာ များကို သူ၌အားကိုးမှီခိုခြင်း၊ သူ၏ချစ်ခြင်းနှင့် မိသဟာယဖွဲ့ခြင်း၌ ဝမ်းမြောက်ခြင်း တို့ဖြစ်သည်။ အပြစ်ပြုလုပ်မိသော် ဘုရားသခင်ထံ အပြစ်ကိုချက်ခြင်း ဝန်ချတောင်းပန်သင့်သည်။ ထိုသို့ပြုလုပ်သော် ဘုရားသခင်သည် ထိုတခဏခြင်းတွင် အပြစ်ကို ခွင့်လွှတ်တော်မူပြီ၊ ကျွန်ုပ်သည် ခရစ်တော်၌တည်နေခြင်းကို တဖန် တကြိမ်ပြန်၌ တည်နေပေလိမ့်မည်။

**ခရစ်တော်သည် ကျွန်ုပ်၏အသက်ဖြစ်သည်**

ကျွန်ုပ်သည် ခရစ်တော်၌တည်နေခြင်းကြောင့် သူသည် ကျွန်ုပ်၌ သူကိုယ်တိုင် အမှန်ရှိနေခြင်းကို ထင်ရှားလာရန် ပြုလုပ်လိမ့်မည်။ သူသည် ကျွန်ုပ်အဖို့ ကြီးမြတ် သော**"ငါ ဖြစ်သည်"**ဟူသော သူဖြစ်လာလိမ့်မည်။ ကျွန်ုပ်လိုသော အရာ မည်သည့်အရာ မဆို သူသည် ကျွန်ုပ်အဖို့ ထိုအရာ ဖြစ်လာပေမည်။ ကျွန်ုပ်သည် မိမိကိုယ်ကို ပြန်ကြည့်သောအခါ ကျွန်ုပ်၌ လိုသောအရာ များစွာ ရှိပါသည်။ ကျွန်ုပ်၌ ဘုရားသခင်ကို အစေခံရန်နှင့် သူ၏စိတ်တော်နှင့် တွေ့သော အသက်တာကို အသက်ရှင်ရန် တန်ခိုးကို လိုအပ်သည်။ ကျွန်ုပ်၌ စင်ကြယ်ခြင်းကို လိုသည်။ စိတ်ရှည်ခြင်းကို လိုသည်။ ချစ်ခြင်းမေတ္တာကို လိုသည်။ သန့်ရှင်းခြင်းကို လို သည်။ ဉာဏ်ပညာကို လိုသည်။ ဖြောင့်မတ်ခြင်းကို လိုသည်။ ဤအရာများကို ဘုရားသခင်ထံ ကျွန်ုပ် တောင်းသောအခါ သူသည် ကျွန်ုပ်၌ ဤသို့သော အရာများ ကိုမပေးပါ။ ယင်းအစား သူသည် ကျွန်ုပ်၌လိုအပ်သော ခပ်သိမ်းသောအရာ ဖြစ်တော်မူသော ခရစ်တော်ကို ပေးတော်မူသည်။ (၁ကော၊ ၁း၃၀)



သင်၌ ဉာဏ်ပညာ လိုပါသလား။ ခရစ်တော်သည် သင်၌ ဉာဏ်ပညာကို လုပ်ပေး လိမ့်မည်။ သင်၌ဖြောင့်မတ်ခြင်း လိုပါသလား။ ခရစ်တော်သည် သင်၏ဖြောင့်မတ်ခြင်း ဖြစ်သည်။ သင်သည် သန့်ရှင်းခြင်းကို အလိုရှိပါသလား။ ခရစ်တော်သည် သင်၌ သန့်ရှင်းခြင်း ဖြစ်တော်မူ သည်။ သင်သည် အပြစ်အပေါ် အောင်ခြင်းကို လိုအပ်နေပါသလား။ ခရစ် တော်သည် သင်၏ အောင်ခြင်း ဖြစ်သည်။ သင်လိုသောအရာခပ်သိမ်းအတွက် သင် သည် "သခင်ယေရှု ကျွန်ုပ်အဖို့ ဤအရာများကို ဖြစ်စေ ပါ" ဟု ပြောဆိုနိုင်သည်။

**ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် အသက်ရှင်သည်**

ခရစ်တော်သည် သူ၌ကျိန်းဝပ်တော်မူသော ခမည်းတော်အားဖြင့် အသက်ရှင် သကဲ့သို့ ထို့အတူ ကျွန်ုပ်တို့သည် လည်း ကျွန်ုပ်တို့၌ကျိန်းဝပ်တော်မူသော ခရစ်တော်အားဖြင့်


သခင့်စကား: ဝိညာဉ်ရေး ရာစာစောင် အမှတ်စဉ် ၉၂ ဧပြီလ ၂၀၀၉ ခုနှစ်။
Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076
E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))

အသက်ရှင်ရန်ဖြစ်သည်။ ကျမ်းစာက ခရစ်တော်သည်“ငါတို့၏ အသက်”ဖြစ်သည်။

ဤ အကြောင်းအရာ သုံးချက်ကို ပြုလုပ်ရန် ယခု အစပြုပါ။

(၁) သင်၌ ခရစ်တော် ရှိနေခြင်းကို သိမှတ်ဝန်ခံပါ။ သင့်ကိုယ်ကို ပြောပါ။ “ခရစ်တော် ငါ၌ ရှင်တော်မူသည်။ ခရစ် တော် ငါ၌ ရှင်တော်မူသည်။” ခရစ်တော်သည် သင်၌ ရှင်တော်မူသည်။ သူ့ကို ရရှိပိုင်ဆိုင်သောသူကဲ့သို့ အစပြု လုပ်ဆောင်ပါ။ ဘုရားသခင်သည် သင့်အဖို့ ဧကန်အမှန် ဖြစ်လာရန် ၄င်းကို ပြုလုပ် ပေးလိမ့်မည်။ အမျိုးသမီးငယ်တစ်ဦး တခါက စုံစမ်းသွေးဆောင်ခြင်းကို အောင်မြင်ခြင်း၏ ထျို့ဝှက်ချက်ကို လေ့လာခဲ့ရခြင်း အကြောင်း ပြောပြခဲ့၏။ သူမက“ မာရ်နတ်သည် ကျမ ၏နှလုံးသားတံခါးကို လာခေါက်စဉ် ကျမကပြောသည်မှာ ‘သခင်ယေရှု ကျေးဇူးပြု၍ တံခါးခေါက်သူအားဖြေကြားပေးပါ။’ မာရ်နတ်သည် ယေရှုကို မြင်လျှင် သူသည် ခေါင်းကိုငုံ့လျက် သူသည် အခန်းမှားခေါက် မိကြောင်းပြောလျက် သူ ထွက်သွားခဲ့သည်။” အမျိုးသမီးငယ်သည် ဘာပြုလုပ်ခဲ့သနည်း။ သူမသည် သူမ၏နှလုံးသားထဲ၌ ခရစ်တော် ရှိနေခြင်းကို ရိုးသားစွာ သိမှတ်ဝန်ခံခြင်းနှင့် စုံစမ်းသွေးဆောင်ခြင်းကို သူမ အောင်မြင်ရန် ခရစ်တော်ကို ယုံကြည်ကိုးစားခဲ့သည်။ ကျွန်ုပ်တို့လည်း ဤကဲ့သို့ ပြုလုပ်ရပေမည်။

(၂) အချိန်တိုင်း ခရစ်တော်ကို နာခံပါ။ ကျွန်ုပ်တို့သည် အံ့ဘွယ် ကျန်းဝပ်နေတော်မူသော ခရစ်တော်၌ သူ့ကို ဂုဏ်ပြု ခြင်းနှင့်နာခံခြင်း မရှိခဲ့လျှင် ဝမ်းမြောက်ခြင်းကို မရနိုင်ပါ။ ကျွန်ုပ်တို့ ပြောရန် အမြဲတမ်း အဆင်သင့်ဖြစ်ရမည်မှာ“ သခင် ယေရှု၊ အကျွန်ုပ် ကိုယ်တော်ကိုသာ ကျေနပ်စေလိုပါသည်။

(၃) သင်၏လိုအပ်မှု အရာအားလုံးအပေါ် ခရစ်တော်၌ အားကိုးမှီခိုပါ။ သင်လိုသော အရာတိုင်းအတွက် ထိုအရာ၌ ခရစ်တော်ကို ယူဆောင်ပါ။ သူသည် ကြီးမြတ်သော “ငါ ဖြစ်သည်”ဟူသောသူ ဖြစ်ကြောင်းကို သတိရပါ။ သင်၏အောင်ခြင်းအဖြစ် သူ့ကို ကိုင်ယူပါ။ သင့်အဖို့ စုံစမ်းခြင်းကို အောင်မြင်ရန် သူ့ကိုအခွင့်ပေးပါ။ သူသည် သင့်ကို မရှုံးနိမ့်စေပါ။ ‘ဘုရားသခင်၏ သားတော်၏ ပုံသဏ္ဍာန်နှင့်အညီ ပြုပြင် ခြင်းကို ခံရ၏’ဟူ၍ဖြစ်သည်။ ဤ အနက်ကား သခင်ယေရှုကဲ့သို့ ကျွန်ုပ်တို့ သာ၍ သာ ၍ တူလာခြင်းဖြစ်သည်။ တနေ့သောအခါ ကျွန်ုပ်တို့သည် သခင်ယေရှုနှင့် မျက်နှာချင်း ဆိုင်တွေ့ရပေလိမ့်မည်။ ကျွန်ုပ်တို့သည် အရာရာ၌ သူကဲ့သို့ ဖြစ်လာလိမ့်မည်။ ဘုန်း တော်နှင့်ပြည့်စုံသောနေ့သည် ထိုနေ့ ဖြစ်လိမ့်မည်။ **ခရစ်တော်သည် ငါ၌ ရှင်တော်မူပြီး၊ သူသည် အကျွန်ုပ် လိုသောအရာ ခပ်သိမ်း ဖြစ်တော်မူသည်။** ။ (အန်ဒရူး)

---



## ကျွန်တော်နှင့်မျက်ရည် – ၆ *(မင်းအောင်သက်လွင်)*

ယေရှုရှလင်မြို့ထဲကို မြည်းကလေးစီးပြီး ဝင်လာတဲ့ ယေရှု ခရစ်တော်က မျက်ရည်ကျပါတယ်။ ယေရှုရှလင်မြို့ ပျက်စီးတော့မှာကို ကြိုတင် သိလို့ ကျခဲ့တဲ့ သခင့် မျက်ရည်ပါ။ တလောက အမျိုးသမီး တစ်ယောက် ကျွန်တော့ဆီ ဖုန်းဆက် တယ်။ သူလုပ်ခဲ့တဲ့ အမှားအတွက် လိပ်ပြာမလုံ လို့ တစ်ယောက်ယောက်ကို ဖွင့်ဟ ဝန်ခံချင် လို့ပါတဲ့၊ ကျွန်တော် သူ့စကားကို နားထောင်ပေးရင်း မျက်ရည်ကျမိပါတယ်။ သူ့ဘဝရဲ့ ဖြစ်ရပ်မှန်ကို စာနဲ့ရေးဖို့ ပြော လိုက်တော့ စာလေးတစ်စောင် ကျွန်တော့ဆီ ရောက် လာပါတယ်။ သူ့ဆန္ဒကတော့ အဲဒီသက်သေခံချက်လေးကို သခင့်စကားစာစောင် ထဲထည့်ပေးပါတဲ့။ စင်ကာပူမှာ ရောက်နေတဲ့ မိန်းကလေးများ၊ ယောကျာ်းလေးများ သူ့လို မမှားစေလိုတဲ့ ဆန္ဒ သက်သက်ပါတဲ့။ သူက ဘယ်လိုရေးထားသလဲဆိုတော့ –။

### သက်သေခံချက် *(အမည်မဖော်လိုသူတစ်ဦး )*

ကျွန်မလေ ရင်ထဲမှာ မွန်းကြပ်ပြီး မခံစားနိုင်လို့ လူ့လောကကြီးထဲက ရှန်းထွက်ဖို့ စဉ်းစားနေပါတယ်။ ဒါပေမယ့် ဘုရားသခင်က တားမြစ်နေတယ်။ ကျွန်မကို သတိပေးနေသလိုပါပဲ။ ကျွန်မလေ သူ့ကို အရမ်းချစ်ခဲ့မိတယ်။ ဒါကြောင့် ရှေ့ဆက်ပြီး လုပ်ရမယ့် လုပ်ငန်းစဉ် တွေ ရည်ရွယ်ချက်ကြီးကြီးနဲ့ အစီအစဉ်တွေဆွဲခဲ့တယ်။ ဒါတွေ အခုတော့ လွင့်ပါးသွားကုန်ပြီ။ ကျွန်မ ဘာမှ စိတ်မဝင်စားတော့ပါဘူး။ အလုပ်လည်း မ လုပ်ချင်၊ စားလည်းမစားချင်၊ အိပ်လို့လည်းမပျော်၊ အရမ်းကို စိတ်ပင်ပန်းလွန်းလို့ စာရေး ပို့လိုက်ရတာပါ။ ကျွန်မကို တလွဲတော့ မထင်လိုက်ပါနဲ့လို့ တောင်းပန်ပါတယ်။ ရူးနေပြီဆိုပြီး မထင်ပါနဲ့နော်။ ကျွန်မ တကယ်ပဲ သေချင်စိတ် ပေါ်နေပြီ။ ဒီလောကကြီးထဲ က ထွက်ပြေးဖို့ တကယ့်ကို ကြံစည်ခဲ့မိပါတယ်။ နားလည်ပေးမယ်လို့ ထင်ပါတယ်။ ကျွန်မ ရဲ့အဖြစ်တွေက သူများကြားရင် ရှက်လည်းရှက်စရာ။ ဒါပေမယ့် ရင်ကလည်း ဖွင့်ချင်နေတာအရမ်းပဲ။ ဘယ်သူ့ကိုမှ ဖွင့်မပြောရဲဘူး၊ ခံစားရတာ မွန်းကျပ်ပြီး သေလုမျောပါးဖြစ်နေလို့ ဒီစာကို ရေးပို့လိုက်ရတာပါ။ ကျွန်မက အိမ်ထောင် ကွဲ တခုလပ် တစ် ယောက်ပါ။ ယောကျာ်းလေး တော်တော်များများ အထင်သေးတဲ့ စာရင်းဝင်ပေါ့နော်။ ဒါမျိုးဆို အထင်သေးချင်ကြတယ်လေ။ ကျွန်မ ဒီအိမ် ထောင်ရေး ပြဿနာကြောင့် ဒီစင်္ကာပူကို လေလွင့်ခဲ့တာပါ။ ဒီရောက်တော့ ကိုယ် မလုပ်ဖူးတဲ့ အလုပ်ဆိုတော့ ပင်ပန်းလိုက်တာ။ သူများအိမ် မှာနေ၊ စိတ်ကျဉ်းကြပ်၊ အားငယ်စိတ်တွေ ဝင်ပြီး ညအိပ်ယာဝင်တိုင်း ငိုနေခဲ့ရတဲ့အချိန်။ စင်္ကာပူရောက်ပြီး ၂လ ပေါ့ သူနဲ့ စတွေ့တယ်။ အံ့သြစရာ ကောင်းတာက ကျွန်မလေ သူ့အသံကြားပြီး အားတက်လာတယ်၊ ရင်ခုန်လာတယ်၊ သူ့အသံကြားရင် ပျော်တယ်။ ဒီစကားကြားရင် ကျွန်မ ကို တစ်မျိုး တွေးကြမယ်။ ‘ဟင် ဒီတစ်ယောက်က အိမ်ထောင်ကွဲ လည်း ပြောသေးတယ် ရင်ခုန် ရတယ်လို့’လို့။ ဟုတ်တယ် ကျွန်မ အရင်က ရင်မခုန်ဖူးဘူး။ ကျွန်မ က အသက်၂၀ တည်းက ဘဝရိုက်ချိုး ခံခဲ့ရတာ။ ဒါကြောင့် ယောကျာ်းတွေကို စိတ်နာနာနဲ့နေခဲ့တာ အခု ၃၄နှစ် ရောက်တဲ့ အထိပါပဲ။

အိမ်ထောင်ရေး ကိစ္စတော့ အကျယ်ချဲ့ မနေချင်တော့ပါဘူး။ အခု ကျွန်မ အမှန် ဝန်ခံရရင် ဒီစင်္ကာပူ ရောက်ပြီး သူနဲ့တွေ့တော့ စိတ် ချမ်းသာတယ်၊ ချစ်လာတယ်။ ဒါနဲ့ပဲ ထားပါတော့ ကျွန်မ တို့ နှစ်ယောက် ဇာတ်လမ်းဖြစ်ကြတယ်။ အချစ်နယ်ကျွံခဲ့ကြတယ်။ ဒါပေမယ့် သူက ကျွန်မ ကိုမချစ်ဘူး သူ့မှာ ရည်းစား ရှိနှင့် ပြီးသားကိုး။ ကျွန်မက သူ့ကို အရမ်းချစ်တော့ နောက်မဆုတ်နိုင်ခဲ့ဘူး။ ရင်နင့်စွာနဲ့ပဲ ဆက်နယ်ကျွံခဲ့ ကြတယ်။ ကျွန်မမှာ ကိုယ်ဝန်ရှိခဲ့တယ်။ သူက ကျွန်မ ကို မြန်မာပြည် ပြန်မွေးခိုင်းတယ်။ ကျွန်မ ကိုတော့ လက်မထပ်နိုင်ဘူးတဲ့။ အစထဲက ကျွန်မ ရိပ်မိပါတယ်။ ကျွန်မကို မချစ်ဘူးဆိုတာ။ ဒါပေမယ့် ကျွန်မ ရှန်းမထွက်နိုင်လို့ ကျွန်မ ကိုယ် ကျွန်မ ပဲ အပြစ် တင်ပါတယ်။ နောက်တော့ သူ့ရည်းစားက ကျွန်မ ကိုယ်ဝန်ကို သွားဖျက်ဆီးခိုင်းပါတယ်။ ဒါနဲ့ပဲ ဘုရားသခင်မကြိုက်တဲ့ ကြီးလေးတဲ့ အပြစ်ကို ကျွန်မ ကျူးလွန်မိပါပြီ။ ကျွန်မ ဆန္ဒလည်းပါလို့ပေါ့။ အဲဒီကိုယ်ဝန် ဖျက်ဆီးပြီး သူပြောတဲ့ စကားတွေကို ရင်နာမိပါတယ်။ ကျွန်မ ရဲ့ ဆိုင်ရာ ဆွေမျိုးနဲ့ မိဘများ ကြားခဲ့ရင်တော့ ဘယ်ခံနိုင်ပါ့မလဲ။ ကျွန်မ ကို အရင်က အိမ်ထောင်ကွဲမှန်း မသိလို့ ပတ်သက်မိတာတဲ့၊ အခု မေ့လိုက်ပါတော့တဲ့။ သူ့ဘက်က အသိုင်းအဝိုင်းတွေသိရင် သူ တံတွေးခွက်ထဲမှာ ပက်လက်မျောပြီတဲ့။ နောက်ထပ် ဘာမှ မပြောချင်ဘူးတဲ့။ ကျမ်းစာဖတ်၊ ဘုရားကျောင်း တက်၊ ဘုရားအလုပ်တွေ လုပ်နေတဲ့ သူတစ်ယောက်အနေနဲ့ ဒီစကားမျိုး ထွက်ခဲ့တာ ကျွန်မ အံ့သြမိပါတယ်။ ကျွန်မ က အရမ်းချစ်မိတဲ့သူ ဆိုတော့ မျက်ရည်နဲ့ မျက်ခွက်ပေါ့။ ကြိတ်ပြီး ခံစားရုံကလွဲရင် ဘာမှမတတ်နိုင်ခဲ့ပါဘူး။ နောက်ပိုင်း ကျွန်မ သတိရလွန်းလို့ ဖုန်းဆက်ရင်တောင် နားလည်မှုမရှိဘူးလားလို့ အပြောခံရတဲ့အဆင့် အထိ ရောက်ခဲ့ရပါတယ်။ ထမင်းမစားနိုင် အလုပ်လည်းမလုပ်နိုင် တမှိုင်မှိုင် တတွေတွေနဲ့ မြန်မာပြည် ပြန်ရမယ့်အထိရှိပါတယ်။ ကျွန်မ ကို ဒီလောက် ရက်ရက်စက်စက် ပြောခဲ့တာတောင် ကျွန်မ စိတ်လည်း မနာတတ်ဘူး၊ သူ့ကိုချစ်နေဆဲပါ။ ဒါပေမယ့် ကျွန်မ အားလုံးသိအောင် မေးချင်တာက အိမ်ထောင်ကွဲ တခုလပ်နဲ့ အပျိုလူပျို မချစ်ရဘူးလား၊ အိမ်ထောင် မပြုရဘူးလား၊ ကျွန်မ တို့ မိန်းကလေးဆိုရင် ကိုယ်နဲ့ ဘဝတူတွေကို ထမင်းထုပ်ပြီး လိုက်ရှာလို့ ချစ်ရမတဲ့လား။ ကျွန်မ တော်တော် စိတ်ထိခိုက် ခံစားခဲ့ရပါတယ်။ မလိမ္မာ တစ်ခါမိုက် မဟုတ်ဘူး၊ နှစ်ခါမိုက် ဖြစ်နေပါပြီ။ ဒီဖြစ်ရပ်တွေကြောင့် ဘုရားကျောင်းလည်း မတက်၊ ကျမ်းစာလည်း မဖတ်ဖြစ်တာ အရမ်း ကြာနေပါပြီ။ ဒါပေမယ့် အခု နောင်တ ရနေပါပြီ။ ကျွန်မ ပြန်စဉ်းစားတာက ဩော် ငါ့အပြစ်တွေ များနေလို့ ဘုရားကို မျက်နှာ မပြရဲ စိတ်ထဲမှာ မဝံ့ ရှောင်နေရင် ဘုရားနဲ့ ပိုပြီး ကင်းကွာရလိမ့်မယ်။ ငါဒီနေ့ ဒီအချိန်က စပြီးတော့ ဘုရားသ ခင်ထံမှာ အပြစ်တွေ ဝန်ချတောင်းပန်ပြီး ခွင့်လွှတ်ဖို့နဲ့ ကောင်းကြီးပေးတော်မူပါ။ ကျေးဇူးတော်ကို အောက်မေ့ပါ၏ လို့ဆုတောင်းခဲ့ပါတယ်။ ကျွန်မ လိမ္မာပါတော့မယ်။ သစ္စာမရှိ သစ္စာမဲ့တဲ့ ယောကျာ်းများကိုလည်း ကျွန်မ နောက်ထပ် နောက်ထပ် ဘယ်တော့မှ မ တွေ့ရပါစေနဲ့လို့ ဆုတောင်းမိပါတယ်။ ကျွန်မလို အဖြစ်မျိုးလည်း ဘယ်မိန်းကလေးကိုမှ မကြုံစေချင်ပါဘူး။ မကြုံအောင်လည်း သတိထားကြပါ။ မိဘအသိုင်းအဝိုင်းများသိရင် ရင်ကျိုးကြပါလိမ့်မယ်။ ကျွန်မ အနေနဲ့ သူ့ကို အပြစ်ရောက်စေလိုတဲ့ဆန္ဒ နည်းနည်းမှ မရှိခဲ့ပါဘူး။ ဒေါသစိတ်လည်း မရှိခဲ့ပါဘူး။ ဒီချစ်တဲ့စိတ်ကြောင့် ဖိစီးမှုဒဏ်ကို တော်တော် ခံခဲ့ရပါ တယ်။ ကျွန်မ ရဲ့အချစ်တွေက အလိမ်ခံရတာကိုး၊ ဟန်ဆောင်မှု အချစ်နဲ့ ခံခဲ့ရတယ်။ အခု ကျွန်မလေ ကျေးဇူးတော် ကြောင့် စိတ်သက်သာရာ ရခဲ့ပါပြီ။ အလုပ်တွေ ကြိုး စားပြီး လုပ်နေပါပြီ။ အဖရဲ့ အိမ်ယာဟာ လူသားအားလုံး ချမ်းသာမှုကို ပေးပါတယ်။ လူသား အားလုံးနှင့်တကွ ကျွန်မ နဲ့ ပတ်သက်ခဲ့တဲ့ သူတွေကိုလည်း ဆုတောင်းပေး ပါတယ်။ ထာဝရ ပျော်ရွှင်နိုင်ကြပါစေ။

*(အမည်မဖော်လိုသူတစ်ဦး )*

---



### မျက်ရည်တစ်ပေါက်

ငါ့ မျက်ရည်တစ်ပေါက် – ငါ့အဖေကို အကြွေးဆပ်ဖို့ဖြစ်တယ်။
ငါ့ မျက်ရည်တစ်ပေါက် – ငါ့အမေကို လုပ်ကျွေးဖို့ဖြစ်တယ်။
ငါ့ မျက်ရည်တစ်ပေါက် – ငါ့ညီအစ်ကိုမောင်နှမတွေကို ထောက်ပံ့ဖို့ဖြစ်တယ်။
ငါ့ မျက်ရည်တစ်ပေါက် – ငါ့သား ရှေ့ရေးအတွက်ဖြစ်တယ်။
ငါ့ မျက်ရည်တစ်ပေါက် – ငါ့မယား ကောင်းစားဖို့ဖြစ်တယ်။
ငါ့ မျက်ရည်တစ်ပေါက် – ငါ့ဆွေမျိုးတွေကို ကြည့်ရှုဖို့ ဖြစ်တယ်။
ငါ့ မျက်ရည်တစ်ပေါက် – ငါ့ပတ်ဝန်းကျင်က ဆင်းရဲသားကို ပေးကမ်းဖို့အတွက်ဖြစ်တယ်။
မျက်ရည် မျက်ခွက်နဲ့ နိုင်ငံရပ်ခြားမှာ အလုပ်လာလုပ်
တစ်ပေါက်ပြီး တစ်ပေါက်ကျတဲ့ ငါ့မျက်ရည်တွေ အဲဒီလောက် အထိ
တန်ဖိုးရောက်ပေမယ့်။ ဘယ်လိုမှ မယှဉ်သာ ဘယ်တော့မှ မနိုင်းသာသော
သခင်ယေရှု ကျခဲ့တဲ့ (သွေး) မျက်ရည် တစ်ပေါက်၊ လောကီသား အားလုံးအတွက်
အပါယ်ငရဲမှ ကယ်တင်ခဲ့တယ်ဆိုတာ ၊ ငါမျက်ရည်ကျတိုင်း ပြန်မြင်ယောင်ရင်း
ကျေးဇူးတော် ချီးမွမ်းပြီး ချွေးနဲ့ မျက်ရည်ရောကာ ၊ အလုပ်ဆက်လုပ်နေရတယ်။

*(မင်းထွန်းသက်လွင်)* (မှတ်ချက် – တိုက်ဆိုင်သူများအတွက်သာ ရည်ရွယ်ရေးစပ်သည်။)